နေမျိုးရာဇာ-ဦးမောင်ကြီး

စီစဉ်ရေးသားအပ်သော

# ဓမ္မစကြာပါဠိနိသျ

နှင့်

# ဓမ္မစကြာအာဆိ

၁၂

သာသနမုခစာအုပ်တိုက်
၃၆-သူရသတိလမ်း၊ ပိုင်ကတ်ရပ်ကွက်၊ ကမ္ဘာအေးစာတိုက်၊
ရန်ကုန်မြို့။

ဂ၃၁၄

နေမျိုးရာဇာ-ဦးမောင်ကြီး
စီစဉ်ရေးသားအပ်သော

## ဓမ္မစကြာပါဠိနိဿျ

နှင့်

# ဓမ္မစကြာအဓိပ္ပါယ်

ဣဋ္ဌာသယပိဋကတ်စာပုံနှိပ်တိုက်
၁၁၄၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၁၇။ ၅၂၀ ကောဇာ-၁၃၃၅။

အထူးသတိပြုပါရန်- ဤစာအုပ်၌ ပါဠိတော်မူမှာ ဆဋ္ဌသင်္ဂါယနာတင် မူအတိုင်းဖြစ်၍ နိဿယအနက်များမှာ သဒ္ဒတ္ထဟူသော သဒ္ဒါအနက်မျိုး မဟုတ်ဘဲ သဘာဝတ္ထဟူသော သဘောပေါက် အနက်အဓိပ္ပါယ်မျိုးဖြင့်သာ အနက်ပြန်ဆို ထားပါကြောင်း။

---


ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၅၀၄၆)

ထုတ်ဝေဖြန့်ချိသူ — ဒေါ်တင်ကြည်
ထုတ်ဝေသူမှတ်ပုံတင် (၀၄၄၀)
သာသနမှာ စာအုပ်တိုက်
၃၆-ဘုရားသာယာလမ်း၊ ဗိုလ်ကြက်ရပ်ကွက်၊
ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ — ဦးသန်းမောင်
ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၉၄)
ဣဋ္ဌာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄ လမ်း၊ ရန်ကုန်မြို့။

စတုတ္ထအကြိမ် စာအုပ်ရေ-၅၀၀၀။

၁၃၃၅-ခု၊ တန်ခူးလ။ ၁၉၇၃-ခု၊ ဧပြီလ။

# နိဒါန်း

မုံရွာမြို့ ဖိုးဝန်းတောင်၌ သီတင်းသီလ သမထဝိပဿနာ ဘာဝနာ ယောဂီ သူမွန်,ပညာဝန် ပဏ္ဍိတ, ပရိယတ္တိ ပဋိဘာန, ပရိပုစ္ဆာပဋိဘာန အဓိဂမပဋိဘာနပညာတို့ဖြင့် ပြည့်စုံသော ဓမ္မကထိက ဆရာကြီး ဦးညွန့်သည် ၁၂၉၂-ခုနှစ် ကဆုန်လပြည့် တနင်္ဂနွေနေ့၌ "ပညာနေတ္တိဝိပဿနာကျမ်း"ကို စီရင်ရေးသား ပြီးတော်မူ၏။

၎င်းကျမ်း၌ ပါဠိတော် ၂၅-ကျမ်း၊ အဋ္ဌကထာ ၁၄-ကျမ်း၊ ဋီကာ ၉-ကျမ်း ပေါင်း ၄၈-ကျမ်းတို့ကို အကိုးအကား အထောက်အထား အဖြစ်ဖြင့် ဘော်ပြထားလေရာ အနက်အဓိပ္ပါယ်များမှာလည်း ခက်ခဲနက်နဲလှ၏။ သိမ်မွေ့ နူးညံ့လှပေ၏။

ဓမ္မစကြာသုတ်နှင့် စပ်ဆိုင်သော ဇာတိ, ဇရာ, မရဏ, အစရှိသည့် ပါဠိစကားတို့ကို ရှင်းလင်းပြဆိုရာ၌ ဥပါဒိန္န,ဘင်ရှိသော ခန္ဓာငါးပါး၏ ဇာတိ, ဇရာ, မရဏနှင့် ဥပါဒိ, ဠိ,ဘင်မရှိသော ဓမ္မာရုံ, ဓမ္မဓာတ်မျှသာ ဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါး၏ ဇာတိ,ဇရာ,မရဏတို့ ကွဲပြားခြားနားကြပုံမှစ၍ သဘောပေါက်အနက်အဓိပ္ပါယ်တို့မှာ ဓမ္မစကြာအဖွဲ့သူ အဖွဲ့သားများနှင့်တကွ ဝိပဿနာယောဂီများအတွက် သမ္မာဒိဋ္ဌိဉာဏ်, ဓမ္မဋ္ဌိတိဉာဏ်တို့ကို အလျင်အမြန် ရရှိနိုင်စေ၏။

ဇန္နဝါရီလ ၅၂၁-က (စတုတ္ထအကြိမ်)

# နိဒါန်း

ဓမ္မစကြာသုတ်သည် ဗုဒ္ဓဘာသာဝင်သူတော်စင်များအတွက် တရားဦး ဖြစ်သောကြောင့် မြတ်စွာဘုရား၏ ရွှေညာဏ်တော် ကျက်စားရာဖြစ်သော (အတ္ထ)အနက် ၁၅-မျိုး အတွင်းသို့ သက်ဆင်းဝင်ရောက်သော အနက်အဓိပ္ပါယ် သဘောပေါက် အယူအဆများဖြစ်ပါမှသာလျှင် ဝေနေယျများအတွက် အကျိုး ကျေးဇူး များပေလိမ့်မည်။

သို့အတွက်ဓမ္မစကြာ ဒေသနာတော်၏ ဘုရားအလိုတော်ကျ အနက် အဓိပ္ပါယ်တို့ကို ဗုဒ္ဓဘာသာဝင်တိုင်း အလွယ်တကူသိမြင် နိုင်စေရန် ရည်သန်၍ ဆရာကြီး ဦးညွန့်၏ နည်းကို မှီးလျက် ဤ "ဓမ္မစကြာအဆို"ကို စီစဉ်ရေးသား အပ်ပါသတည်း။

နေမျိုးရာဇာ-မောင်ကြီး
၂၈၃-ကရိလမ်း၊ ရန်ကုန်အရှေ့ပိုင်
၁၅-၈-၅၈

# ဓမ္မစကြာသုတ်ပါဠိတော်

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ဓမ္မစကြာအမွှန်း

ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ၊ ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ၊ ယံ တံ နိဗ္ဗာန ပါပကံ။

သဟမ္ပတိ နာမကေန၊ မဟာဗြဟ္မုန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊ လောကနာထော အဒေသယိ။

နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗ သမ္ပတ္တိသာဓကံ။
သဗ္ဗလောက ဟိတတ္ထာယ၊ ဓမ္မစက္ကံ ဘဏာမ ဟေ။

## အတွင်းနိဒါန်း

၁။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ၊ တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။

ဇန္တာသယ ၅၂၁-၁ (စတုတ္ထအကြိမ်)

## အစွန်းထွက် အယုတ်တရား ၂-ပါး

၂။ ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ၊

ကတမေ ဒွေ၊ ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော၊

ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

## အလယ်အလတ် အကျင့်တရား

၃။ ဧတေခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၄။ ကတမာစ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ၊ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

## မဂ္ဂင် ၈-ပါး

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ သေယျထိဒံ- သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

## ဒုက္ခသစ္စာ

၅။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိ ပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဗ္ဘတိ၊ တမ္ပိ ဒုက္ခံ ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

## သမုဒယသစ္စာ

၆။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ။

သေယျထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

## နိရောဓသစ္စာ

၇။ ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ယော တဿာ ယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

## မဂ္ဂသစ္စာ

၈။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊

သေယျထိဒံ–သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

## ဒုက္ခသစ္စာ၌ သစ္စဉာဏ်

၉။ ဣဒံ ဒုက္ခံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်

၁၀။ တံ ခေါပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## ဒုက္ခသစ္စာ၌ ကတဉာဏ်

၁၁။ တံ ခေါပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယ သစ္စာ၌ သစ္စဉာဏ်

၁၂။ ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စန္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## သမုဒယ သစ္စာ၌ ကိစ္စဉာဏ်

၁၃။ တံ ခေါပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

### သမုဒယသစ္စာ၌ ကတဉာဏ်

၁၄။ တံ ခေါပနိဒံ ဒုက္ခသမုဒယံ အရိယ သစ္စံ ပဟီနန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

### နိရောဓသစ္စာ၌ သစ္စဉာဏ်

၁၅။ ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

### နိရောဓသစ္စာ၌ ကိစ္စဉာဏ်

၁၆။ တံ ခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

### နိရောဓသစ္စာ၌ ကတဉာဏ်

၁၇။ တံ ခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

### မဂ္ဂသစ္စာ၌သစ္စဉာဏ်

၁၈။ ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယ သစ္စန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မဂ္ဂသစ္စာ၌ကိစ္စဉာဏ်

၁၉။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မဂ္ဂသစ္စာ၌ ကတဉာဏ်

၂၀။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

## မသိမီ ဝန်မခံခြင်း

၂၁။ ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ၊ နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

## သိမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ

၂၂။ ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ

ပဇာယ သဒေဝမနုဿာယ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။

## ပစ္စဝေက္ခဏာဉာဏ်

၂၃။ ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါတိ။

## ပဉ္စဝဂ္ဂီတို့ ဝမ်းမြောက်ခြင်း

၂၄။ ဣဒမဝေါစ ဘဂဝါ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

## အရှင်ကောဏ္ဍည့် သောတာပန် တည်ခြင်း

၂၅။ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ၊ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ။

## နတ်ဗြဟ္မာတို့ ကောင်းချီးပေးကြပုံ

၂၆။ ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ၊ ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိန္တိ။

၂၇။ ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ . တာဝတိံသာ ဒေဝါ ယာမာ ဒေဝါ တုသိတာ ဒေဝါ နိမ္မာနရတီ ဒေဝါ

ပရနိမ္မိတဝသဝတ္တိဒေဝါ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ॥

ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိန္တိ။

## မြေလှုပ်ခြင်း

၂၇။ ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ၊ အယဉ္စ ဒသသဟဿိလောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ၊ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

## ဘုရားရှင်ဥဒါန်းကျူးခြင်း

၂၉။ အထခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ 'အညာသိဝတ ဘော ကောဏ္ဍညော,အညာသိ ဝတ ဘော ကောဏ္ဍညောတိ'॥

ဣတိ ယိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိ ကောဏ္ဍညောတွေဝ နာမံ အဟောသိ။

## ရဟန်းအဖြစ်တောင်းခြင်း

၃၀။ အထခေါ အာယသ္မာ အညာသိ ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ 'လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ' လဘေယျံ ဥပသမ္ပဒန္တိ။

## ဧဟိဘိက္ခု ခေါ်ခြင်း

၃၁။ ‘ဧဟိ ဘိက္ခူ’တိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ၊ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

ဓမ္မစက္ကပဝတ္တနသုတ္တံ နိဋ္ဌိတံ။

# ဓမ္မစကြာအနက်

## ဓမ္မစကြာ အမွှန်း

စတုသစ္စံ၊ သစ္စာလေးပါးကို။ ပကာသေန္တော၊ ပြတော်မူသော။ လောကနာထော၊ လူနတ်တို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သဟမ္ပတိနာမကေန၊ သဟမ္ပတိ အမည်ရှိသော။ မဟာဗြဟ္မုနာ၊ မြတ်သော ဗြဟ္မာမင်းသည်။ ယာစိတော၊ တရား ဟောစိမ့်သောငှာ တောင်းပန်အပ်သည် ဖြစ်၍။ ဣသိပတနနာမကေ၊ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့၏ ကောင်းကင်မှ သက်ရာ ကောင်းကင်သို့ တက်ရာ ဖြစ်၍ "ဣသိပတန"အမည်ရှိသော။ မိဂဒါယေ၊ သားတို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌။ ပဉ္စဝဂ္ဂိနံ၊ ငါးယောက်အစု ရှိခြင်းကြောင့် ပဉ္စဝဂ္ဂီ အမည် ရှိကုန်သော။ ဘိက္ခူနံ၊ အသျှင် ကောဏ္ဍည, အသျှင်ဝပ္ပ, အသျှင်ဘဒ္ဒိယ, အသျှင်မဟာနာမ်, အသျှင်အဿဇိ ပရိဗိုဇ် ရဟန်းတို့အား။ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ဓမ္မဝရံ၊ မြတ်သော တရားဖြစ်သော။ ယံဓမ္မစက္ကံ၊ အကြင်ဓမ္မစကြာဒေသနာတော်ကို။ အဒေသယိ၊ ဟောတော်မူပြီ။

သဗ္ဗဒေဝေဟိ၊ ခပ်သိမ်းကုန်သော သမုတိနတ် ဥပပတ္တိနတ် ဝိသုဒ္ဓိနတ်တို့သည်။ ဝါ၊ ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့သည်။ နန္ဒိတံ၊ နှစ်လိုအပ်သော။ သဗ္ဗသမ္ပတ္တိသာဓကံ၊ ခပ်သိမ်းသော လောကီ လောကုတ္တရာ ပစ္စုပ္ပန် သံသရာ စည်းစိမ်ကိုပြီးစေတတ်သော။ တံဓမ္မစက္ကံ၊ ထိုဓမ္မစကြာ ဒေသနာတော်ကို။ သဗ္ဗလောကဟိတတ္ထာယ၊ ခပ်သိမ်းသော လောက၏ အစီးအပွားအကျိုးငှာ။

ပော၊ အို-သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

အတွင်းနိဒါန်း

ဘန္တေကဿပ၊ အရှင်မဟာကဿပ။

၁။ ဣဒံ သုတ္တံ၊ ဤမမ္ဗစကြာ သုတ်တော်ကို။ မေ-မယာ အာနန္ဒေန၊ တပည့်တော် အာနန္ဒာသည်။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာ ဘုရားသခင်၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ ဤသို့သော အခြင်းအရာ ဒေသနာ အစဉ်အားဖြင့်။ သုတံ၊ ကြားနာလိုက်ရ၏။

ဧကံ သမယံ၊ အခါတပါး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေ၊ ဘုရားပစ္စေကဗုဒ္ဓါ အရိယာတို့၏ ကောင်းကင်မှ သက်ရာ ကောင်းကင်သို့ တက်ရာဖြစ်ခြင်းကြောင့် ဣသိပတနအမည်ရှိသော။ မိဂဒါယေ၊ သားသမင် အပေါင်းတို့ကို ဘေးမဲ့ပေးရာ ဖြစ်သော မိဂဒါဝုန်တော၌။ ဝိဟရတိ၊ နေတော်မူ၏။

တတြခေါ၊ ထိုသို့ နေတော်မူသော အခါ၌။ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပဉ္စဝဂ္ဂိယေ၊ အသျှင် ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ဟူသော အမည်ရှိကုန်သော ငါးဦးသော ပရိဗိုဇ်ရဟန်းတို့ကို။ အာမန္တေသိ၊ အမိန့်ရှိတော်မူ၏။

အယုတ်တရား ၂-ပါး

၂။ ဘိက္ခဝေ၊ သံသရာဘေးမှ ကင်းဝေလိုငြားအိုချစ်သားတို့။

ပဗ္ဗဇိတေန၊ သံသရာဝဋ် တဏှာညွှတ်မှ လွတ်ထွက်လိုငြား ကျား,မ မဟူ အကြင်သူဘည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ

အန္တာ၊ ဤအစွန်းနှစ်ခု အယုတ်တရားစုတို့ကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ် အားမထုတ်အပ်ကုန်။ ကတမေ ဒွေ၊ အဘယ်တရား နှစ်ပါးတို့နည်း ဟူမူကား။

(က) ကာမေသု၊ ကာမဘုံ ရူပဘုံ အရူပဘုံဟူသော ဘုံ သုံးပါး၌ ဖြစ်စေတတ်ကုန်သော ဝတ္ထုအာရုံ ကာမဂုဏ်တို့၌။ ကာမသုခလ္လိကာ နုယောဂေါ၊ ကာမဂုဏ်စိတ်ဖြင့် အဖန်ဖန် အားထုတ်ခြင်းဟု ဆိုအပ်သော။ ယောစာယံ- ယောစအယံ အန္တော၊ အကြင် သဿတဒိဋ္ဌိဖြစ်သော အစွန်းတခုသည်လည်း။ ဟီနော၊ အမြဲ ဒုက္ခကို ဖြစ်စေတတ်သောကြောင့် ယုတ်ညံ့၏။ ဂါမ္မော၊ ရွာသူတို့၏ အကျင့်ဖြစ်၏။ ပေါထုဇ္ဇနိကော၊ ပုထုဇဉ် တို့၏ အလေ့ဖြစ်၏။ အနရိယော၊ အရိယာ သူတော်စင်တို့၏ အကျင့် မဟုတ်။ အနတ္ထသံဟိတော၊ လောကီ အကျိုးစီးပွား မဂ်ဖိုလ် အကျိုးစီးပွားနှင့် မစပ်ဆိုင်ချေ။ (အဝိဇ္ဇာ ဦးစီး၍ ပြုလုပ်သော ပုညာဘိသင်္ခါရနှင့် အပုညာဘိသင်္ခါရမျိုး)။

(ခ) အတ္တကိလမထာနုယောဂေါ၊ မိမိကိုယ် ပင်ပန်းခြင်း စိတ်ပင်ပန်းခြင်းကို ဖြစ်စေလျက် အားထုတ်ခြင်းဟုဆိုအပ်သော၊ ယောစာယံ ယောစအယံအန္တော၊ အကြင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သော အစွန်းတခုသည်လည်း။ ဒုက္ခော၊ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲစွာ၏။ အနရိယော၊ တိတ္ထိတို့၏ အကျင့် ဖြစ်၏။ အနတ္ထသံဟိတော၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်သော အကျိုး စီးပွားနှင့် လားလားမျှ မစပ်ဆိုင်ချေ။ (အဝိဇ္ဇာ ဦးစီး၍ ပြုလုပ်သော အာနေဉ္စာဘိ သင်္ခါရ အကျင့်မျိုး)။

## အလယ်အလတ်အကျင့်

၃။ ဘိက္ခဝေ၊ သံသရာဘေးကို ရှုလေ့ရှိကြသော အို-ချစ်သားတို့။

ဧတေခေါ ဥဘော အန္တေ၊ ထိုကာမသုခလ္လိကာနုယောဂ တည်းဟူသော သဿတဒိဋ္ဌိအကျင့်နှင့် အတ္တကိလမထာနုယောဂ တည်းဟူသော ဥစ္ဆေဒဒိဋ္ဌိ အကျင့် အယုတ်တရား နှစ်ပါးအစွန်း တို့ကို။ အနုပဂမ္မ၊ မကပ် မယှဉ် မပွားများမူ၍၊ တထာဂတေန၊ ရှေးရှေးသော ဘုရားရှင်တို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ မိမိအလိုလို ထိုးထွင်း၍ သိတော် မူအပ်၏။

သာ၊ ထို အလယ်အလတ်ဖြစ်သော မဇ္ဈိမာပဋိပဒါ အကျင့် သည်ကား-

စက္ခုကရဏီ၊ သောတာပတ္တိ မဂ်ဉာဏ်ကို မြင်စေသောပညာ မျက်စိကို ပြုတတ်၏။

ဉာဏကရဏီ၊ အထက်မဂ် သုံးပါးကို သိစေသော ဉာဏ်ကို ပြုတတ်၏။

ဥပသမာယ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာ ငြိမ်းခြင်းတည်း ဟူသော သောတာပတ္တိ မဂ်ဉာဏ်၏ အကျိုးငှာ။

အဘိညာယ၊ အထက်မဂ် သုံးပါးကို ထူးသော ဉာဏ်ဖြင့် သိခြင်းငှာ။

သမ္ဗောဓာယ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကောင်းစွာ ထိုးထွင်း၍ သိခြင်းငှာ။

နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်း အကျိုးငှာ။ သံဝတ္တတိ၊ ကောင်းစွာဖြစ်၏။

၄။ ဘိက္ခဝေ၊ တရားလိုဘိ အို-တပည့်တို့။

တထာဂတေန၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ငါဘုရားသည်၊ အဘိသမ္ဗုဒ္ဓါ၊ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူအပ်သော။

စက္ခုကရဏီ၊ သစ္စာလေးပါးကို သောတာပတ္တိ မဂ်ဉာဏ်ဖြင့် မြင်တော်မူတတ်သော။

ဉာဏကရဏီ၊ သစ္စာလေးပါးကို အထက်မဂ်ဉာဏ် သုံးပါးဖြင့် သိတတ်သော။

ယာမဇ္ဈိမာ ပဋိပဒါ၊ အကြင် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ အယူတို့မှ လွတ်သော အလယ်အလတ် အကျင့်မြတ်သည်။

ဥပသမာယ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာ ငြိမ်းခြင်းတည်းဟူသော မဂ်ဉာဏ်၏ အကျိုးငှာ။

အဘိညာယ၊ ထူးသော အထက် မဂ်ဉာဏ် သုံးပါး၏ အကျိုးငှာ။

သမ္ဗောဓာယ၊ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ် ဉာဏ်ကို ထိုးထွင်း၍ သိခြင်းအကျိုးငှာ။

နိဗ္ဗာနာယ၊ အနုပါဒိသေသနိဗ္ဗာန်၏ အကျိုးငှာ။ သံဝတ္တတိ၊ ကောင်းစွာ ဖြစ်ပေ၏။

သာမဇ္ဈိမာ ပဋိပဒါ၊ ထိုအလယ်အလတ် ဖြစ်သော အကျင့်မြတ်သည်။ ကတမာစ၊ အဘယ်နည်းဟူမူကား။

အရိယော၊ ကောင်းမြတ် ဖြူစင်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါး အခြင်းအရာအားဖြင့် ပြည့်စုံသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ်အကျင့်သာတည်း။

သေယျထိဒံ၊ အင်္ဂါ ရှစ်ပါးဟူသည်ကား။

(၁) သမ္မာဒိဋ္ဌိ၊ သစ္စာလေးပါးကို အမှန်အတိုင်း သိမြင်ခြင်း။

(၂) သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိဉာဏ်ကို သစ္စာ လေးပါးသို့ ရောက်အောင် တင်ဆောင်တတ်ခြင်း။ (ဝါ) မနောကံ သုံးပါး အလိုလို လုံခြုံနေခြင်း။

(၃) သမ္မာဝါစာ၊ သစ္စာလေးပါးကို သိမြင်နေသဖြင့် နှုတ်ကို ကောင်းစွာ သိမ်းဆည်းနေခြင်း။ (ဝါ) ဝစီကံ လေးပါးမှ အလိုလို ကင်းလွတ်နေခြင်း။

(၄) သမ္မာကမ္မန္တ၊ သစ္စာလေးပါးကို သိမြင်နေသဖြင့် ကာယဒုစရိုက် သုံးပါးမှ အလိုလို လွတ်ကင်းနေခြင်း။

(၅) သမ္မာအာဇီဝေါ၊ သစ္စာလေးပါးကို သိမြင်နေသဖြင့် မနောသံခါရ ဝစီသံခါရ ကာယသံခါရတို့မှ အလိုလို ကင်းလွတ်နေသောကြောင့်ဖြူစင်သောစိတ်ရှိနေခြင်း။

(၆) သမ္မာဝါယာမော၊ သစ္စာလေးပါးကို သိမြင်နေခြင်း လုံ့လသာ ရှိခြင်း။

(၇) သမ္မာသတိ၊ သစ္စာ လေးပါးကို သိမြင်ခြင်း၌သာ စိတ်ထင်ရှားနေခြင်း။

(၈) သမ္မာသမာဓိ၊ သစ္စာ လေးပါးကို သိမြင်ခြင်း၌သာ စိတ် တည်တံ့ ခိုင်မြဲနေခြင်း။

ဤဒံဓမ္မဇာတံ၊ သစ္စာလေးပါးကို အမှန်အတိုင်း သိမြင်ရာ၌ တပြိုင်နက် တချက်တည်း ပြည့်စုံသော ဤသဘောတရား အစုသည်။ မဂ္ဂင်၊ မဂ္ဂင်တရားမည်၏။

ဘိက္ခဝေ၊ သံသရာဘေးမှ ကင်းဝေးလိုငြား အို ချစ်သားတို့။

တထာဂတေန၊ ရှေးရှေးသော ဘုရားရှင်တို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော ငါဘုရားသည်။

အဘိသမ္ဗုဒ္ဓါ၊ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိအပ်သော။

စက္ခုကရဏီ၊သစ္စာလေးပါးကို သောတာပတ္တိ မဂ်ဉာဏ်ဖြင့် မြင်တတ်သော။

ဉာဏကရဏီ၊ သစ္စာလေးပါးကို အထက်မဂ် သုံးပါးဖြင့် သိတတ်သော။

အယံ ခေါ သာ မဇ္ဈိမာ ပဋိပဒါ၊ ဤ သဿတ ဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့မှ ကင်းလွတ်သော အလယ်အလတ် အကျင့်မြတ် သည်ကား။

ဥပသမာယ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာ ငြိမ်းခြင်းတည်း ဟူသော သောတာပတ္တိမဂ်ဉာဏ်၏ အကျိုးငှာ။

အဘိညာယ၊ ထူးသော အထက် မဂ်ဉာဏ် သုံးပါး၏ အကျိုးငှာ။

သမ္ဗောဓာယ၊အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်ကို ထိုး ထွင်း၍ သိခြင်းအကျိုးငှာ။

နိဗ္ဗာနာယ၊ ကိလေသာ ခပ်သိမ်း ကင်းငြိမ်းရာမှန် အမြိုက် နိဗ္ဗာန်၏အကျိုးငှာ။ သံဝတ္တတိ၊ မဖောက်မပြန် အမှန်ဖြစ်ပေ၏။

ဒုက္ခသစ္စာ

၅။ ဘိက္ခဝေ၊ တရားလိုငြား အို-ချစ်သားတို့။

ဣဒံခေါပန၊ ဤ ဆိုလတ့်သည်ကား။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ (ဝါ) စက်ဆုပ်ဘွယ် အချိးနှိး ဖြစ်သော။ အရိယသစ္စံ၊ အရိယာ

အရှင် သူတော်စင်တို့ အမှန်အတိုင်း သိမြင်အပ်သော အရိယ သစ္စာမည်၏။

(၁) ဇာတိပိ၊ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် မနေ့ာတို့၌ မိစ္ဆာဝိတက်ဖြင့် ကြံဆတွေးတော၍ ဖြစ်ပေါ်လာရသော ဓမ္မာရုံဟူသော ဥပါဒါနက္ခန္ဓာ ငါးပါး(တနည်း) မြင်မှု, ကြားမှု,နံမှု, စားမှု,ထိမှု,သိမှုတို့၌တောင်တောင် ကြံကြံ အလီလီ အလာလာ ဘာဘာညာညာကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော အာရုံနှင့်တကွ ဖြစ်ပေါ် လာရသော စိတ်ဟူသမျှသည် လည်း။ ဒုက္ခာ၊ အရိယာသူတော်စင်တို့ ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခပေတည်း။

(၂) ဇရာပိ၊ ထိုဥပါဒါန်၏ အာရုံမျှသာ ဖြစ်သော အစွဲနှင့် တကွ ဖြစ်ပေါ်လာရသော လောကီစိတ် အမျိုးမျိုးတို့၏ ဖြစ်ပေါ်လာပြီးနောက် တည်ရောင်ပေးနေခြင်းသည်လည်း။ဒုက္ခာ၊ အရိယာ သူတော်စင်တို့ အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခပေတည်း။

(၃) ဗျာဓိပိ၊ ဤကဲ့သို့ ကောင်းမကောင်း စိတ်အမျိုးမျိုး ဖြစ်ပေါ်လာကြပြီးနောက် ပျောက်ကွယ် ချုပ်ဆုံးခါနီး အခိုက် အတံ့သည်လည်း။ ဒုက္ခော၊ အရိယာ အရှင် သူတော်စင်တို့ ဉာဏ်ဖြင့် သိမြင်အပ်သော ဒုက္ခပေတည်း။

(၄) မရဏံပိ၊ ထိုကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်ဟူသမျှ ဖြစ်ပေါ်လာကြပြီးနောက် ပျောက်ပျက် ချုပ်ဆုံး သွားရခြင်း သည်လည်း။ ဒုက္ခံ၊ အရိယာ အရှင် သူတော်စင်တို့ ဉာဏ်ဖြင့်အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခပေတည်း။

(၅) အပ္ပိယေဟိ၊ ဥပါဒါန်၏ အာရုံမျှသာ ဖြစ်သော မချစ်မနှစ်သက် အလိုမကျသော သတ္တဝါ၊ သင်္ခါရ၊ ကံ၊ ကိလေသာ တရားတို့နှင့်။ သမ္ပယောဂေါ၊ ဥစ္ဆေဒ ဒိဋ္ဌိဟူသော ဝိဘဝ တဏှာဖြင့် ခွဲခွါ ကွေကွင်းလိုလျက်နှင့် တွေ့ရ၊ မြင်ရ၊ ကြုံရ၊ ဆုံရ၊ ပေါင်းသင်းဆက်ဆံ၍ နေရခြင်းသည်လည်း။ ဒုက္ခော၊ အရိယာ အရှင် သူတော်စင်တို့ ဥာဏ်ဖြင့် အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခပေတည်း။

(၆) ပိယေဟိ၊ ဥပါဒါန်၏ အာရုံမျှသာဖြစ်သော အလိုကျ နှစ်သက်အပ်သော သတ္တဝါ၊ သင်္ခါရ၊ ကံ၊ ကိလေသာ တရားတို့နှင့်။ ဝိပ္ပယောဂေါ၊ သဿတဒိဋ္ဌိ ဟူသော ဘဝတဏှာဖြင့် မခွဲလို မခွါလို အတူတကွ အမြဲတမ်း နေလိုလျက် ခွဲခွါကွေကွင်းရခြင်း သည်လည်း။ ဒုက္ခော၊ ဥပါဒါန်ကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခပေတည်း။

(၇) ယံပိစ္ဆံ၊ အကြင် အလို ရှိအပ်သော ဥပါဒါနက္ခန္ဓာ ငါးပါး တည်းဟူသော ကောင်းမကောင်း ဖြစ်သော မိစ္ဆာ အာရုံ ခြောက်ပါးကို။ နလဗ္ဘတိ၊ အလိုရှိတိုင်း တောင့်တတိုင်း မရ။ တံပိ၊ ထိုသို့ ဥပါဒါန်၏ အာရုံအမျိုးမျိုးတို့ကို တောင့်တ တိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ အရိယာအရှင် သူတော်စင်တို့ ဥာဏ်ဖြင့် သိမြင်အပ်သော ဒုက္ခပေတည်း။

(၈) သံခိတ္တေန၊ တောင်တောင်ဤဤ အလီလီ အလာလာ ဘာဘာ ညာညာ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်အပေါင်း ထောင်သောင်းမက ဖြစ်ပေါ်လာကြရာ၌ အားလုံးကို စုရုံး၍ အကျဉ်းချုံးလိုက်သည်ရှိသော်။ ပဉ္စုပါဒါနက္ခန္ဓာ၊

စွဲလမ်းခြင်းအာရုံမျှသာ ဖြစ်သော ခန္ဓာငါးပါး (ဝါ) အစွဲနှင့် တကွဖြစ်သော ရုပ်နာမ်နှက်ပါးသည်သာလျှင်။ ဒုက္ခာ၊ အရိယာ အရှင် သူတော်စင်တို့ တတ်တတ် ထင်ထင် သိမြင်အပ်သော ဒုက္ခပေတည်း။

ကောင်းစိတ်, ဆိုးစိတ်, ချစ်စိတ်, မုန်းစိတ်, လောဘစိတ်, ဒေါသစိတ်ဟု ဆိုလျှင် ဥပါဒါနက္ခန္ဓာဟူ၍ မှတ်ပါ။

## သမုဒယသစ္စာ

၆။ ဘိက္ခဝေ၊ ဘေးမှ လွတ်ငြား အို–ချစ်သားတို့။

ဣဒံခေါ ပန၊ ဤ ဆိုလတ့်သည်ကား။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာအရှင် သူတော်စင် တို့ ဉာဏ်ဖြင့် သိမြင်အပ်သော အမှန်တရားမည်၏။

ယာယံ တဏှာ၊ အကြင် ''ချင်ခြင်း''တည်းဟူသော တဏှာ သည်။

ပေါနောဗ္ဘဝိကာ၊ တဖန် ဘဝသစ်ကို ဖြစ်စေတတ်၏။ (တနည်း) တဖန် အစွဲနှင့်တကွ ဖြစ်သော စိတ်အသစ် (ဝါ) ဥပါဒါနက္ခန္ဓာ ငါးပါး အသစ်ကို ဖြစ်စေတတ်၏။

နန္ဒိရာဂသဟဂတာ၊ နှစ်သက်ခြင်း, စွဲလမ်းခြင်း, တပ်မက် ခြင်းတည်းဟူသော ဥပါဒါန်စိတ်နှင့် တကွ ဖြစ်၏။

တတြတတြ၊ ထိုထို ဤဤ အလီလီ အလာလာ ဘာဘာ ညာညာ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ် ဖြစ်ခြင်း၌။

အဘိနန္ဒိနီ၊ အလွန့်အလွန် နှစ်သက်စွဲလမ်းတတ်၏။

ဣဒံ အယံ တဏှာ၊ ဤ "ချင်ခြင်း"တည်းဟူသော တဏှာသည်။ သေယျထာ ကတမာ၊ အဘယ်မျှ အပြား ရှိပါသနည်းဟူမူကား။

ကာမတဏှာ၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, အတွေးတို့ကို တပ်နှစ်သက် တတ်သော "ချင်ခြင်း" ၎င်း။ (တနည်း) အတ္တဒိဋ္ဌိ အယူသည်၎င်း။

ဘဝတဏှာ၊ စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်း၌ တပ်မက်ကျေနပ်သော သဿတဒိဋ္ဌိ အယူသည်၎င်း။

ဝိဘဝတဏှာ၊ စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်း၌ မကျေနပ်သော စက်ဆုပ်သော ဥစ္ဆေဒ အယူသည်၎င်း။ ဣတိ၊ ဤသုံးပါးတည်း။

ဣဒံ၊ ဤ "ချင်ခြင်း" တည်းဟူသော တဏှာသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခဟူသော ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ် စေတသိက် ရုပ်တို့၏ ဖြစ်ကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာအရှင် သူတော်စင်တို့ ဉာဏ်ဖြင့် အမှန်အတိုင်းသိမြင်အပ်သော တရားအထူးပေတည်း။

## နိရောဓသစ္စာ

၇။ ဘိက္ခဝေ၊ ချုပ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်ကို ရည်သန်စိတ်ထား တပည့်များတို့။

ဣဒံခေါ ပန၊ ဤ ဆိုလတံ့သည်ကား။ ဒုက္ခနိရောဓံ၊ ဒုက္ခဟူသော ဥပါဒ်, ဌီ, ဘင် မရှိသော စိတ်, စေတသိက်, ရုပ်တို့၏ ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာနွယ်ဝင် သူတော်စင်တို့ ဉာဏ်ဖြင့် သိမြင်အပ်သော အမှန်တရား မည်၏။

တဿာယေဝ တဏှာယ၊ ထို "ချင်ခြင်း" သုံးပါး၏သာလျှင် (တနည်း) ထို သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့၏သာလျှင်။ (တနည်း) တဏှာ, မာန, ဒိဋ္ဌိ ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ သာလျှင်။

ယော အသေသဝိရာဂနိရောဓော၊ အကြွင်း ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အကြွင်းမဲ့ ချုပ်ရာဖြစ်သော "အနုပါဒိသေသ" နိဗ္ဗာန်မြတ်သည်ရှင်း။

ယော စာဂေါ၊ အကြွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာတို့ စွန့်ရာ ဖြစ်သော သောတာပတ္တိ မဂ်ဉာဏ်၏ အာရုံဖြစ်သော "သဉပါဒိသေသ" နိဗ္ဗာန်သည်ရှင်း။

ယော ပဋိနိဿဂ္ဂေါ၊ အကြွင် ဒိဋ္ဌိ,ဝိစိကိစ္ဆာနှင့် ကြမ်းထမ်းသော ဒေါသ ကိလေသာတို့ကို ဝေးစွာ စွန့်ရာဖြစ်သော သကဒါဂါမိ မဂ်ဉာဏ်၏ အာရုံဖြစ်သော "သဉပါဒိသေသ" နိဗ္ဗာန်သည်ရှင်း။

ယာမုတ္တိ၊ အကြွင်ဒိဋ္ဌိ, ဝိစိကိစ္ဆာနှင့် အကြမ်းအနု ဒေါသ ကိလေသာ သုံးပါးတို့၏ လွတ်ရာ ဖြစ်သော အနာဂါမိမဂ်ဉာဏ်၏ အာရုံဖြစ်သော "သဉပါဒိသေသ" နိဗ္ဗာန်သည်ရှင်း။

ယော အနာလယော၊ အကြွင် ဒိဋ္ဌိ ဝိစိကိစ္ဆာနှင့် ဒေါသ အပြင် ကျန်သော လောဘ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ တည်းဟူသော ကိလေသာ ဆယ်ပါးတို့၏ ကပ်ငြိခြင်းကင်းရာ ကုန်ရာ, ခန်းရာဖြစ်သော "အနုပါဒိသေသ" နိဗ္ဗာန်သည်ရှင်း။ အတ္ထိ၊ ရှိ၏။

ဤဒံ၊ ဤပင်ကိုကရှင်း ပင်ကိုကလင်း ပင်ကိုကကြည် ပင်ကိုက အေး ပင်ကိုက ငြိမ်း တည်းဟူသော နိရောဓ နိဗ္ဗာန်သည်။ (တနည်း) တဏှာ မာန ဒိဋ္ဌိတို့၏ ချုပ်ချယ်မှုမှ ကင်းလွတ်ရာမှန် မြတ်နိဗ္ဗာန်သည်။ အရိယသစ္စံ၊ အရိယာနွယ်ဝင် သူတော်စင်တို့ ဉာဏ်ဖြင့် အမှန် အတိအကျ သိမြင်အပ်သောအမြတ်ဆုံးတရား ပေတည်း။

မဂ္ဂသစ္စာ

ဂ။ ဘိက္ခဝေ၊ နိဗ္ဗာန်လိုဘိ အို-တပည့်တို့။

ဣဒံ ခေါပန၊ ဤ ဆိုလတ့်သည်ကား။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ၊ ဒုက္ခဟူသော ဥပါဒါနက္ခန္ဓာ စိတ် စေတသိက် ရုပ်တို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ (တနည်း) လောကီစိတ် အမျိုးမျိုးတို့၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာနွယ်ဝင် သူတော်စင်တို့ သိမြင်အပ်သော အကျင့်မြတ်မည်၏။

အရိယော၊ ဖြူစင်မြင့်မြတ်သော။ အယမေဝ မဂ္ဂေါ၊ ဤ အကျင့်မြတ်သည်သာလျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါ ရှစ်ပါးနှင့် တချက်တည်း ပြည့်စုံနေ၏။ (တနည်း)ပညာ သီလ သမာဓိနှင့် တပြုံင်နက် ပြည့်စုံ၏။

သေယျထိဒံ၊ အင်္ဂါရှစ်ပါး ဟူသည်ကား။

(၁) သမ္မာဒိဋ္ဌိ၊ စိတ် စေတသိက် ရုပ်တို့၏ ချုပ်ရာဖြစ်သော (တနည်း) ဒုက္ခနှင့် ဒုက္ခသမုဒယ ဟူသော ကောင်း ကောင်း ဆိုးဆိုး အမျိုးမျိုးသော လောကီစိတ်တို့၏ ချုပ်ရာဖြစ်သော (တနည်း)ဥပါဒါနက္ခန္ဓာ ငါးပါး

တို့၏ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်ကို ဉာဏ်ဖြင့် သိမြင်နေခြင်း။

(၂) သမ္မာသင်္ကပ္ပေါ၊ နိဗ္ဗာန်ကို သိမြင်နေသဖြင့် ထိုသိမြင်နေသောစိတ်ကို နိဗ္ဗာန်သို့တင်ဆောင်နေခြင်းမှတပါး တခြားဘာမျှ စိတ်မကူးခြင်း။

(၃) သမ္မာဝါစာ၊ နိဗ္ဗာန်ကို သိမြင်နေသဖြင့် မည်သည့်စကားကိုမျှ မပြောဆိုခြင်း။

(၄) သမ္မာကမ္မန္တော၊ နိဗ္ဗာန်ကို သိမြင်နေသဖြင့် မည်သည့်ကာယကံမှုကိုမျှ မပြုလုပ်ခြင်း။

(၅) သမ္မာအာဇီဝေါ၊ နိဗ္ဗာန်ကိုသိမြင်နေသဖြင့် စိတ်ဖြူစင်နေခြင်း။ (တနည်း) မည်သည့် သင်္ခါရ အာရုံမျှ မရှိခြင်း။

(၆) သမ္မာဝါယာမော၊ နိဗ္ဗာန်ကို သိမြင်နေသဖြင့် ထိုသိမြင်နေသောစိတ်ကို နိဗ္ဗာန်သို့ မြှင့်တင်ပေးနေခြင်း။

(၇) သမ္မာသတိ၊ နိဗ္ဗာန်ကို သိမြင်နေသဖြင့် ထို သိမြင်နေသော စိတ်ကို နိဗ္ဗာန်၌ မပြတ်တည်မြဲနေခြင်း။

(၈) သမ္မာသမာဓိ၊ နိဗ္ဗာန်ကို သိမြင်နေသဖြင့် ထို သိမြင်နေသော စိတ်ကို နိဗ္ဗာန်၌ စူးစိုက်စေခြင်း၊၊ လောကီအာရုံများသို့ စိတ် မပုံ့လွင့်ခြင်း။ ဤတိ၊ ဤရှစ်ပါးတည်း။

ဣဒံ၊ ဤအင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော အကျင့်မြတ်သည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာ ကင်းရာ ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ရကြောင်း အကျင့်ဖြစ်သော။အရိယ

သစ္စာ၊ အရိယာနွယ်ဝင် သူတော်စင်တို့ ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အပ်သော အကျင့်မြတ် ဖြစ်ပေ၏။

## ဒုက္ခ၌ သစ္စဉာဏ်(၁)ဝိပဿနာဉာဏ်

၉။ ဘိက္ခဝေ၊ သံသရာဘေးမှ ကင်းဝေးလိုကြသော အို ရဟန်း များတို့။

ဣဒံ၊ ဤဇာတိ အစရှိသော ကောင်းကောင်း ဆိုးဆိုး စိတ် အမျိုးမျိုးနှင့် တကွဖြစ်သော ဥပါဒါနက္ခန္ဓာ တရား အပေါင်း သည်။ (တနည်း) ဘုံသုံးပါး၌ ကျင်လည်ကြောင်း ဖြစ်သော သင်္ခတ တရားအပေါင်းသည်။ ဒုက္ခံ အရိယသစ္စံ၊ အရိယာနွယ် ဝင် သူတော်စင်တို့ သိမြင်အပ်သော ဒုက္ခသစ္စာမည်၏ ဟူ၍။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား မဖြစ်မီ ရှေးအခါ၌။ အနနုဿုတေသု၊ တစုံ တယောက်ထံမှ မကြားစဘူး ကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားအထူးတို့၌။

စက္ခုံ၊ ဇာတိစသော ကောင်းကောင်းဆိုးဆိုး စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်းတည်းဟူသော ဒုက္ခသစ္စာ၌ မပြဲသော သဘော ကို မြင်တတ်သော အနိစ္စာနုပဿနာဉာဏ် တည်းဟူသော ပညာ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

ဉာဏံ၊ ဇာတိ စသော ကောင်းမကောင်း စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်းတည်းဟူသော ဒုက္ခသစ္စာ၌ ဘေးဟု သိတတ်သော ဒုက္ခာနုပဿနာဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ် တော်မူပြီ။

ပညာ၊ ဇာတိ စသော ချစ်စိတ်မုန်းစိတ် အမျိုးမျိုး ဖြစ်ပေါ် ခြင်းတည်းဟူသော ဒုက္ခသစ္စာ၌ အနှစ်အသား မရှိခြင်းကို

အပြားအားဖြင့် တပါးစီ တပါးစီ ခွဲခြားဝေဘန်၍ သိတတ်သော အနုတ္တာ နုပဿနာဥာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊ ဇာတိ စသော ဘာဘာ ညာညာ ပြုလုပ်တတ်သော စိတ်အမျိုးမျိုးတို့ ဖြစ်ပေါ်လာခြင်း တည်းဟူသော ဒုက္ခသစ္စာ၌ မတင့်တယ်ခြင်းကို ထိုးထွင်း၍ သိတတ်သော အသုဘာနုပဿနာဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

အာလောကော၊ ဇာတိ စသော တောင်တောင် ဤဤ အလီလီ အလာလာ ဘာဘာ ညာညာ ကောင်းကောင်း ဆိုးဆိုး စိတ် အမျိုးမျိုး ဖြစ်ပေါ်ခြင်းတည်းဟူသော ဒုက္ခသစ္စာကို မသိအောင် ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ဖျက်ဆီးတတ်သော သမ္မာဒိဋ္ဌိဥာဏ် အရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

ဒုက္ခ၌ ကိစ္စဉာဏ် (၀၁) မဂ်ဉာဏ်

၁၀။ ဘိက္ခဝေ၊ သံသရာဝဋ်မှ ကျွတ်လွှတ် လိုငြား အို-ချစ်သားတို့၊

တံ ခေါပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုဝိပဿနာ ဉာဏ်ဖြင့် ဝေဘန် သိမ်းဆည်း အပ်ပြီးသော ဒုက္ခ အရိယ သစ္စာကို။ ပရိညေယျန္တိ၊ ဤခရွေ့ ဤချဟု ပိုင်းခြားဝေဘန်၍ မဂ်ဉာဏ် အသိတို့ဖြင့် သိအပ်၏ဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား မဖြစ်ခင် ရှေးကာလ၌။ အနနုဿုတေသု၊ တစုံတယောက်မျှ ပြောသံကို မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားအဘူးတို့၌။

စက္ခုံ၊ ဇာတိစသော ဒုက္ခသစ္စာ ထိုက်သည့် ရူစိတ် မှတ်စိတ် ပွားများစိတ် ကြံစည်စိတ် တွေးတောစိတ် ဝေဘန်စိတ် ချစ်စိတ် မုန်းစိတ်အစရှိသော စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်းကို မြင်တတ်သော သောတာပတ္တိမဂ်ဉာဏ် တည်းဟူသောပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ဉာဏံ၊ ကောင်းကောင်း ဆိုးဆိုး စိတ်အမျိုးမျိုးတို့၏ ဖြစ်ပေါ်ခြင်းတည်းဟူသော ဇာတိ စသော ဒုက္ခသစ္စာကို သိတတ်သော သကဒါဂါမိ မဂ်ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ကေန် အမှန်ဖြစ်တော်မူပြီ။

ပညာ၊ ဇာတိ စသော ဒုက္ခသစ္စာထိုက်သည့် ကောင်းကောင်း ဆိုးဆိုး စိတ်အမျိုးမျိုးတို့၏ ဖြစ်ပေါ်ခြင်းကို အပြားအားဖြင့် တပါးစီ တပါးစီ ခွဲခြား ဝေဘန်တတ်သော အနာဂါမိမဂ်ဉာဏ် သည်။ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊ ဇာတိ စသော ဒုက္ခသစ္စာထိုက်သည့် လောကီစိတ် အမျိုးမျိုးကို ထိုးထွင်း၍ သိတတ်သော အရဟတ္တမဂ်ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

အာလောကော၊ ဇာတိစသော ဒုက္ခသစ္စာထိုက်သည့် ရူစိတ် မှတ်စိတ် တွေးစိတ် ကြံစိတ် အားထုတ်စိတ်ပူလုပ်စိတ် ပွားများ စိတ် လိုချင်စိတ်မလိုချင်စိတ် ချစ်စိတ် မုန်းစိတ်ဖြစ်ခြင်းကို မသိ မမြင်မထင်နိုင်အောင် ဖုံးလွှမ်းတတ်သော မောဟဘည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင်ဖျက်ဆီးတတ်သော မဂ်လေးတန် အကုန် အလင်းဓာတ်မျိုးစုံသည်။ ဥဒပါဒိ၊ ထင်ရှားမသွေ ဖြစ် ပေါ်လာပေပြီ။

## ဒုက္ခ၌ ကတဉာဏ် (ဝါ) ဖိုလ်ဉာဏ်

၁၁။ ဘိက္ခဝေ၊ နိဗ္ဗာန်လိုဘိ အို တပည့်တို့၊

ဘံ ခေါ်ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ပိုင်းခြားဝေဘန်အပ်ပြီးသော ဇာတိစသော ဒုက္ခအရိယသစ္စာကို၊ ပရိညာတန္တိ၊ အချင်းခပ်သိမ်း ပိုင်းခြား ဝေဘန်၍ ဖိုလ်ဉာဏ်တို့ဖြင့် တဖန် သိရှိပြီးပြီဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီ ရှေးကာလ၌။ အနနုဿုတေသု၊ တစုံတယောက်မျှ မပြောစဖူး ကုန်သေးသော။ ဓမ္မေသု၊ သစ္စာလေးပါး ထူးမြတ်သောတရားတို့၌။

စက္ခုံ၊ စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်း တည်းဟူသော ဇာတိစသော ဒုက္ခသစ္စာကို မြင်တတ်သော၊ သောတာပတ္တိ ဖိုလ်ဉာဏ် တည်းဟူသော ပညာ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ဉာဏံ၊ စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်း တည်းဟူသော ဇာတိစသော ဒုက္ခသစ္စာကို သိတတ်သော 'သကဒါဂါမိ ဖိုလ်ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ပညာ၊ လောကီစိတ် အမျိုးမျိုး ဖြစ်ပေါ်ခြင်း တည်းဟူသော ဒုက္ခသစ္စာကို အပြားအားဖြင့် တပါးစီတပါးစီ ပိုင်းခြား ဝေဘန်၍ သိနိုင်သော 'အနာဂါမိ ဖိုလ်ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊ လောကီ အာရုံတို့ကို စွဲ၍ ဖြစ်ပေါ်လာရသော စိတ် အမျိုးမျိုး တည်းဟူသော ဒုက္ခသစ္စာကို ထိုးထွင်း၍ သိတတ်

သော 'အရဟတ္တဖိုလ်ဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်လာလေပြီ။

အာလောကော၊ ရှုစိတ် မှတ်စိတ် ပွားစိတ် တွေးစိတ် ကြံစိတ် အားထုတ်စိတ် လိုချင်စိတ် မလိုချင်စိတ် အစရှိသော စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်း, ဒုက္ခသစ္စာကို မသိမမြင် မထင်နိုင်အောင် ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးတတ်သော 'ဖိုလ်လေးတန်' အကုန် အလင်းဓာတ်မျိုးစုံသည်။ ဥဒပါဒိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်လာပေ၏။

## သမုဒယဉ္စ သစ္စဉာဏ် (၀၁) ဝိပဿနာဉာဏ်

၁၂။ ဘိက္ခဝေ၊ ဘေးကို ရှုလေ့ရှိသော တပည့်တို့။

ကူဒံ၊ ဤ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ တည်းဟူသော လောဘသည်။ (တနည်း) ဤသဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ စသော (၆၂)ပါးသော ဒိဋ္ဌိတို့ကိုဖြစ်စေတတ်သော "ချင်ခြင်း" တည်းဟူသော လောဘစိတ်သည်။ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ဒုက္ခဟူသော မှတ်စိတ် ရှုစိတ် ပွားများစိတ် ကြံစည်စိတ် တွေးတောစိတ် ပြုလုပ်စိတ် အားထုတ်စိတ် ကောင်းစိတ် မကောင်းစိတ် ချစ်စိတ် မုန်းစိတ် နှစ်သက်စိတ် မနှစ်သက်စိတ် ကြိုက်စိတ် မကြိုက်စိတ် စသော စိတ်ကူးမှ ဖြစ်ပေါ်လာရသော စိတ်အမျိုးမျိုးတို့၏ အကြောင်းဒုက္ခဖြစ်သော အရိယာနွယ်ဝင် သူတော်စင်တို့ ဉာဏ်ဖြင့် အမှန် အတိုင်း သိမြင်အပ်သော "ချင်ခြင်း" တရား အမှန်ပေတည်း။

ဥတိ၊ ဤသို့" ချင်ခြင်း"သဘော တည်းဟူသော လောဘ တဏှာကို ဒုက္ခသမုဒယဟူ၍။ 'မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား မဖြစ်မီကာလ ရှေးမဆွက။ အနနုဿုတေသု၊ တဆင့် စကား မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရား အထူးတို့၌။

စက္ခုံ၊ ချင်ခြင်း တည်းဟူသော သမုဒယသစ္စာကို မြင်တတ် သော 'အနိစ္စာနုပဿနာဉာဏ်' ဟူသော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားစွာ အမှန်ဖြစ်လာပေပြီ။

ဉာဏံ၊ ချင်ခြင်း သဘောတည်းဟူသော သမုဒယသစ္စာကို သိတတ်သော ဒုက္ခာနုပဿနာ ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား စွာ အမှန်ဖြစ်ပေါ်လာပေပြီ။

ပညာ၊ ချင်ခြင်းသဘော တည်းဟူသော သမုဒယသစ္စာကို အပြားအားဖြင့် တပါးစီ တပါးစီ ခွဲခြားဝေဘန် သိစွမ်းနိုင် သော 'အသုဘာနုပဿနာဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှားစွာ အမှန် ဖြစ်ပေါ်လာပေပြီ။

ဝိဇ္ဇာ၊ ချင်ခြင်းတည်းဟူသော သမုဒယသစ္စာကို ထိုးထွင်း၍ သိတတ်သော'အနတ္တာနုပဿနာဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှား မသွေ ဖြစ်ပေါ်၍ လာပေပြီ။

အာလောကော၊ မလိုချင် လိုချင် မှတ်ချင် ရှုချင် တွေးချင် မတွေးချင် အားထုတ်ချင် အားမထုတ်ချင် စသော အမျိုးမျိုး သော "ချင်ခြင်း" သဘော တည်းဟူသော သမုဒယသစ္စာကို ဖုံးလွှမ်းတတ်သော မသိခြင်း တည်းဟူသော မောဟအမိုက်

မှောင်ကို ဖျက်ဆီးတတ်သော သမ္မာဒိဋ္ဌိ ပညာရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်လာပေပြီ။

## သမုဒယဇ္ဌ ကိစ္စဉာဏ် (၀၇) မဂ်ဉာဏ်

၁၃။ ဘိက္ခဝေ၊ သံသရာဝဋ်မှ လွတ်ကင်းလိုကြသော အို-ချစ်သားတို့။

တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ ထိုဒုက္ခ၏ အကြောင်းဖြစ်သော "ချင်ခြင်း" တည်းဟူသော အရိယသစ္စာကို။ ပဟာတဗ္ဗံ၊ သောတာပတ္တိမဂ် စသော မဂ်လေးပါးဖြင့် ကာမတဏှာ ဘဝတဏှာ တည်းဟူသော သဿတဒိဋ္ဌိနှင့် ဝိဘဝတဏှာတည်းဟူသော ဥစ္ဆေဒဒိဋ္ဌိတို့ကိုရင်း အသိးသိးပယ်အပ်၏။

ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီ ကာလ ရှေးမဆွက။ အနနုဿုတေသု၊ တဆင့်စကားဖြင့် မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားအထူးတို့၌။

စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော 'သောတာပတ္တိမဂ်ဉာဏ်'သည်။ ဥဒပါဒိ၊ တင်ရှားကေန် အမှန် ဖြစ်ပေါ်ပြီ။

ဉာဏံ၊ သမုဒယသစ္စာကို သိတတ်သော 'သကဒါဂါမိ မဂ်ဉာဏ်'သည်။ ဥဒပါဒိ၊ တင်ရှားကေန် အမှန်ဖြစ်ပေါ်ပြီ။

ပညာ၊ သမုဒယသစ္စာ တည်းဟူသော 'ချင်ခြင်း' အမျိုးမျိုးကို အပြားအားဖြင့် တပါးစီ တပါးစီ ခွဲခြားဝေဘန် နိုင်သော 'အနာဂါမိ မဂ်ဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှား ကေန် အမှန် ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊ သမုဒယ သစ္စာကို ထိုးထွင်း၍ သိတတ်သော 'အရဟတ္တမဂ်ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှား ကေန် အမှန်ဖြစ်ပေါ်ပြီ။

အာလောကော၊ 'ချင်ခြင်း' အမျိုးမျိုးတည်းဟူသော သမုဒယ သစ္စာကို မသိ မထင် မမြင်နိုင်အောင် ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးတတ်သော 'မဂ်လေးတန်' အကုန် အလင်းဉာဏ် မျိုးစုံသည်။ ဥဒပါဒိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်လာပေပြီ။

## သမုဒယ၌ ကတဉာဏ်(၀၁) ဖိုလ်ဉာဏ်

၁၄။ ဘိက္ခဝေ၊ ချင်ခြင်းဘေးမှ လွှတ်ကင်းလိုငြား အို-ချစ်သားတို့။

တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ၊ စိတ်အမျိုးမျိုး ဖြစ်ခြင်း တည်းဟူသော ဒုက္ခ၏ အကြောင်းရင်း ဖြစ်သော ချင်ခြင်းတည်းဟူသော သမုဒယ အရိယသစ္စာကို။ ပဟာနံ၊ ဖိုလ်လေးတန် ဉာဏ်အစုံတို့ဖြင့် တဖန်ထပ်၍ ပယ်အပ်ပြီ။

ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီကာလ ထိုခဏက။ အနနုဿုတေသု၊ မည်သူ့ထံကမျှ တဆင့်စကား မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားအထူးတို့၌။

စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော 'သောတာပတ္တိဖိုလ်ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်ပေါ်ပေပြီ။

ဉာဏံ၊ သမုဒယ သစ္စာကို သိတတ်သော 'သကဒါဂါမိဖိုလ်ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်ပေါ်ပေပြီ။

ပညာ၊ သမုဒယ သစ္စာကို အပြားအားဖြင့် တပါးစီ တပါးစီ ခွဲခြားဝေဘန်နိုင်သော 'အနာဂါမိ ဖိုလ်ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်ပေါ်ပေပြီ။

ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍ သိတတ်လော 'အရဟတ္တဖိုလ်ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှား ကေန် အမှန်ဖြစ်တော်မူပေပြီ။

အာလောကော၊ သမုဒယ သစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်တိုက်ကို ဖျက်ဆီးနိုင်သော ဖိုလ်လေးတန်အကုန် အလင်းဓာတ် မျိုးစုံသည်။ ဥဒပါဒိ၊ ထင်ရှား မသွေ ဖြစ်ပေါ်လာလေပြီ။

## နိရောဓသစ္စဉာဏ် (ဝါ) ဝိပဿနာဉာဏ်

၁၅။ ဘိက္ခဝေ၊ နိဗ္ဗာန်လိုဘိ အို-တပည့်တို့။

ဣဒံ၊ ဤ ဝိရာဂ စာဂ ပဋိနိဿဂ္ဂ မုတ္တိ အနာလယ ဟူသော အမည် ငါးပါး အပြားရှိသော နိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ၊ ဥပါဒါနက္ခန္ဓာ စိတ် စေတသိက် ရုပ် ဟူသော ဒုက္ခ၏ ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာနွယ်ဝင် သူတော်စင်တို့ ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အပ်သော တရားအထူးမည်၏။

ဣတိ၊ ဤသို့၊ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား မဖြစ်မီ ကာလ ရှေးမဆူက။ အနနုဿုတေသု၊ တဆင့်စကား နားမှ လေသံ မကြားရစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး မြတ်တရားတို့၌။

စက္ခုံ၊ နိဗ္ဗာန်ကို မြင်တတ်သော 'အနိစ္စဉာဏ်' တည်းဟူသော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ဉာဏံ၊ နိဗ္ဗာန်ကို သိတတ်သော 'ဒုက္ခဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်ပေပြီ။

ပညာ၊ နိဗ္ဗာန်ကို အပြားအားဖြင့် တပါးစီ တပါးစီ၊ (တနည်း) အနိမိတ္တ နိဗ္ဗာန် အပ္ပဏိဟိတနိဗ္ဗာန် သုညတနိဗ္ဗာန် စသည်ဖြင့် ခွဲခြားဝေဘန်နိုင်သော 'အသုဘဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်ပေပြီ။

ဝိဇ္ဇာ၊ နိဗ္ဗာန်ကို ထိုးထွင်း၍ သိတတ်သော 'အနတ္တဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

အာလောကော၊ နိဗ္ဗာန်ကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင် သော 'သမ္မာဒိဋ္ဌိပညာရောင်' အလင်းသည်။ ဥဒပါဒိ၊ ထင်ရှား ကေန် အမှန်ဖြစ်တော်မူပြီ။

## နိရောဓ၌ ကိစ္စဉာဏ် (ဝါ) မဂ်ဉာဏ်

၁၆။ ဘိက္ခဝေ၊ နိဗ္ဗာလိုငြား အို-ချစ်သားတို့။

တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထို ဒုက္ခ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်တည်းဟူသော အရိယသစ္စာကို။ သစ္ဆိ ကာတဗ္ဗံ၊ သောတာပတ္တိ မဂ်ဉာဏ်ဖြင့် စာဂ နိဗ္ဗာန်ကိုရင်း၊ သကဒါဂါမိ မဂ်ဉာဏ်ဖြင့် ပဋိနိဿဂ္ဂ နိဗ္ဗာန်ကိုရင်း၊ အနာဂါမိ မဂ်ဉာဏ်ဖြင့် မုတ္တိနိဗ္ဗာန်ကိုရင်း၊ အရဟတ္တ မဂ်ဉာဏ်ဖြင့် အနာ လယ နိဗ္ဗာန်ကိုရင်း မျက်မှောက်ပြုအပ်၏။

ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား မဖြစ်မီကာလ ရှေးမဆွကာ။ အနနုဿုတေသု၊ တစုံတယောက်မျှ

ဟောပြောခြင်းဖြင့် နားမှလေသံ မကြားရစဘူး ကုန်သော။ မမွေသု၊ သစ္စာလေးပါး တရားအထူးတို့၌။

စက္ခုံ၊ နိဗ္ဗာန်ကို မြင်တတ်သော 'သောတာပတ္တိမဂ်ဉာဏ်' တည်းဟူသော ပညာ မျက်စိသည်။ ဉဒပါဒိ၊ ထင်ရှားကန် အမှန် ဖြစ်တော်မူပြီ။

ဉာဏံ၊ နိဗ္ဗာန်ကို သိတတ်သော'သကဒါဂါမိမဂ်ဉာဏ်သည်'။ ဉဒပါဒိ၊ ထင်ရှား ကောန် အမှန်ဖြစ်တော်မူပြီ။

ပညာ၊ နိဗ္ဗာန်ကို အပြားအားဖြင့် တပါးစိတပါးစီ ခွဲခြား ဝေဘန်နိုင်သော 'အနာဂါမိမဂ်ဉာဏ်'သည်။ ဉဒပါဒိ၊ ထင်ရှား ကောန် အမှန်ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊ နိဗ္ဗာန်ကို ထိုးထွင်း၍ ကြောင်ကြောင်ကြီး မြင်တတ် သော'အရဟတ္တမဂ်ဉာဏ်'သည်။ ဉဒပါဒိ၊ ထင်ရှားကောန် အမှန် ဖြစ်တော်မူပြီ။

အာလောကော၊ နိဗ္ဗာန်ကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင် သော မဂ်လေးတန်အကုန် အလင်းခဲတ် မျိုးစုံသည်။ ဉဒပါဒိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာပေပြီ။

## နိရောဝ၌ ကတဉာဏ် (ဝါ) ဖိုလ်ဉာဏ်

၁၇။ ဘိက္ခဝေ၊ နိဗ္ဗာန်လိုငြား အို-ချစ်သားတို့။

တံ ခေါ ဒုက္ခ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုဉပါဒါနက္ခန္ဓာ ဖြစ်သော စိတ် စေတသိက် ရုပ်ဟူသော (ဝါ) ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်တို့၏ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်

တည်းဟူသော အရိယသစ္စာကို။ သစ္ဆိကတံ၊ ဖိုလ်လေးတန် အကုန် ဉာဏ်မျိုးစုံတို့ဖြင့် တဖန် မျက်မှောက်ပြုအပ်လေပြီ။

ဣတိ၊ ဤသို့။ မေ မယှာ၊ ငါဘုရားဘည်း။ ပုဗ္ဗေ၊ ဘုရား မဖြစ်မီကာလ ရှေးမဆွက။ အနနုဿုတေသု၊ တဆင့်စကားဖြင့် မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားအထူး တို့၌၊

စက္ခုံ၊ နိဗ္ဗာန်ကို မြင်တတ်သော ‘သောတာပတ္တိဖိုလ်ဉာဏ်’ တည်းဟူသော ပညာ မျက်စိသည်။ ဉဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပေပြီ။

ဉာဏံ၊နိဗ္ဗာန်ကိုသိတတ်သော ‘သကဒါဂါမိဖိုလ်ဉာဏ်’သည်။ ဉဒပါဒိ၊ ထင်ရှား ကေန် အမှန် ဖြစ်တော်မူပြီ။

ပညာ၊ နိဗ္ဗာန်ကို အပြားအားဖြင့် တပါးစီတပါးစီ ပိုင်း ခြားဝေဘန်တတ်သော ‘အနာဂါမိ ဖိုလ်ဉာဏ်’သည်။ ဉဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊ နိဗ္ဗာန်ကို ထိုးထွင်း၍ သိတတ်သော ‘အရဟတ္တဖိုလ် ဉာဏ်’သည်။ ဉဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပေပြီ။

အာလောကော၊ နိဗ္ဗာန်ကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင် သော ဖိုလ်လေးတန်အကုန် အလင်းဓာတ်မျိုးစုံသည်။ ဉဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပေပြီ။

မဂ္ဂဋ္ဌ သစ္စဉာဏ် (၀၁) ဝိပဿနာဉာဏ်

၁၈။ ဘိက္ခဝေ၊ သံသရာဝဋ်မှ လွတ်မြောက် လိုငြား အို-ချစ်သားတို့။

ဣဒံ၊ ဤ သမ္မာဒိဋ္ဌိ ဦးစီးသော မဂ္ဂင်ရှစ်ပါး တရားအစု သည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ဖြစ်သော။ အရိယသစ္စံ၊ အရိယာ နွယ်ဝင် သူတော်စင်တို့ဉာဏ်ဖြင့် သိမြင်အပ်သော အမှန်တရား ပေတည်း။

ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား မဖြစ်မီ ရှေးအဘို့၌။ အနနုဿုတေသု၊ တစုံတယောက်မျှ ဟော ပြောခြင်းဖြင့် မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားအထူးတို့၌။

စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော 'အနိစ္စာနုပဿနာ ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားဧကန် အမှန် ဖြစ်တော်မူပြီ။

ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သော 'ဒုက္ခာနုပဿနာဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားဧကန် အမှန်ဖြစ်ပေါ်ပြီ။

ပညာ၊ မဂ္ဂသစ္စာကို အပြားအားဖြင့် တပါးစီတပါးစီ ခွဲခြား ဝေဘန်နိုင်သော အသုဘာနုပဿနာ ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဧကန် အမှန်ဖြစ်ပေါ်ပေပြီ။

ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိတတ်သော အနတ္တာ နုပဿနာဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဧကန် အမှန်ဖြစ်ပေါ် ပေပြီ။

အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင် သော သမ္မာဒိဋ္ဌိပညာရောင် သည်။ ဥဒပါဒိ၊ ထင်ရှား ဧကန် အမှန်ဖြစ်ပေါ်ပေပြီ။

## မဂ္ဂင် ကိစ္စဉာဏ်(၀၁)မဂ်ဉာဏ်

၁၉။ ဘိက္ခဝေ၊ သံသရာ ဘေးကို ရှုလေ့ ရှိကြသော ရဟန်းတို့။

တံ ခေါ ပနိဒံ ဒုက္ခနိရောဂေါမိနိပဋိပဒါ အရိယသစ္စံ၊ ထိုဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာကို၊ ဘာဝေတဗ္ဗံ၊ ပွားများပြည့်စုံစေအပ်၏။(၀၁) စိတ် စေတသိက် ရုပ်ဟူသော ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ် အသစ်အဘစ်တို့ မဖြစ်ပေါ်မီက မဖြစ်ပေါ်သည့် အတိုင်း နေလေ့ရှိသော အကျင့်ကို ကျင့်သုံး ဆောက်တည်ရာ၏။

ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား မဖြစ်မီ ရှေးအခါ၌။ အနနုဿုတေသု၊ တစုံတယောက်မျှ ဟော ပြောခြင်းဖြင့် မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားအထူးတို့၌။

စက္ခုံ၊မဂ္ဂသစ္စာကိုမြင်တတ်သော 'သောတာပတ္တိ မဂ်ဉာဏ်' သည်။ ဥဒပါဒိ၊ တင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။။

ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သော 'သကဒါဂါမိမဂ်ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ပညာ၊ မဂ္ဂသစ္စာကို အပြားအားဖြင့် ဘပါးစီ တပါးစီ ခွဲခြား ဝေဘန်နိုင်သော 'အနာဂါမိမဂ်ဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိတတ်သော 'အရဟတ္တ မဂ်ဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင်သော မဂ်လေးတန်အကုန် အလင်းခေတ်မျိုးစုံသည်။ ဥဒပါဒိ၊ ထင်ရှား ကေန် အမှန်ဖြစ်တော်မူပြီ။

## မဂ္ဂဋ္ဌ ကတဉာဏ် (၀၁) ဖိုလ်ဉာဏ်

၂၀။ ဘိက္ခဝေ၊ တရားလို ငြွား အို-ချစ်သားတို့။

တံ ခေါ ပနိဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စံ၊ ထိုဒုက္ခ ဟူသော စိတ်အမျိုးမျိုးတို့၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ဖြစ်သော အရိယသစ္စာကို။ ဘာဝိတံ၊ ဖိုလ်လေးတန် ဉာဏ်အစုံတို့ဖြင့် တဖန် ပွားများ ပြည့်စုံစေအပ်လေပြီ။

ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရား မဖြစ်မီ ရှေးအဘို့၌။ အနနုဿုတေသု၊ တစုံတယောက်မျှ ဟော ပြောခြင်းဖြင့် မကြားစဘူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားအထူးတို့၌။

စက္ခုံ၊ မဂ္ဂသစ္စာကို မြင်တတ်သော 'သောတာပတ္တိဖိုလ်' ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်လေပြီ။

ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သော 'သကဒါဂါမိဖိုလ်ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်လေပြီ။

ပညာ၊ မဂ္ဂသစ္စာကို အပြားအားဖြင့် တပါးစီတပါးစီ ခွဲခြား ဝေဘန်နိုင်သော 'အနာဂါမိဖိုလ်ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်လေပြီ။

ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိတတ်သော 'အရဟတ္တဖိုလ် ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်လေပြီ။

အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင်သော ဖိုလ်လေးတန် အကုန် အလင်းဓာတ်မျိုးစုံသည်။ ဥဒပါဒိ၊ ထင်ရှားကောန် အမှန်ဖြစ်ပေါ်လေပြီ။

### သစ္စာ လေးပါးကို မသိမီ ဘုရားဖြစ်ပြီဟု ဝန်မခံခြင်း

၂၁။ ဘိက္ခဝေ၊ တရားလိုဘိ ဆို-တပည့်တို့။

ယာဝကီဝဉ္စ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤ သစ္စာလေးပါး တရား အထူးတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ "ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်"တို့ဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ တဆဲ့နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ နဂိုမူလ သူ့သဘာဝအတိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ် အမြင်သည်။ မေ၊ ငါဘုရားအား။ သုဝိသုဒ္ဓံ၊ အထူးစင်ကြယ် ထင်ရှားသည်။ နဟောတိ၊ မဖြစ်သေး။

ဘိက္ခဝေ၊ ချစ်သားတို့။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ ကာမာဝစရနတ်ပြည်နှင့် တကွဖြစ်သော။ သမာရကေ၊ ဝသဝတ္တီနတ်ပြည်နှင့် တကွဖြစ်သော။ သဗြဟ္မကေ၊ ဗြဟ္မာပြည်နှင့် တကွဖြစ်သော။ လောကေ၊ သြကာသလောက၌။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း ပုဏ္ဏားတို့နှင့် တကွဖြစ်သော။ သဒေဝမနုဿာယ၊ သမုတိနတ်တည်းဟူသောမင်း ကြွင်းသော လူအပေါင်းနှင့် တကွဖြစ်သော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတု မရှိသော။ သမ္မာ

သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ အရာမကျ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ထိုးထွင်း၍ သိပြီဟူ၍။ နေဝ ပစ္စညာသိံ၊ ဝန်ခံတော်မမူနိုင်သေး။

## သိမှ ဝန်ခံခြင်း

၂၂။ ဘိက္ခဝေ၊ ရဟန်းတို့။

ယတော စ ခေါ၊ အကြင်အခါမှစ၍။ မေ၊ ငါ့အား။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤ သစ္စာလေးပါး တရားအထူးတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ် ,ဖိုလ်ဉာဏ် တို့ဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ အမှန်အတိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ၊ အလွန်စင်ကြယ်သည်။ အဟောသိ၊ ဖြစ်ပြီ။

ဘိက္ခဝေ၊ ချစ်သားတို့။ အထ၊ ထိုအခါမှ စ၍။ အဟံ၊ ငါ ဘုရားသည်။ သဒေဝကေ၊ နတ်ပြည် ငါးထပ်နှင့် တကွဖြစ်သော။ သမာရကေ၊ ဝသဝတ္တီ နတ်ပြည်နှင့်တကွဖြစ်သော။ သဗြဟ္မကေ၊ ဗြဟ္မာပြည်နှင့် တကွဖြစ်သော။ လောကေ၊ သြကာသလောက၌။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း ပုဏ္ဏားတို့နှင့် တကွ ဖြစ်သော။ သဒေဝမနုဿာယ၊ သမုတိနတ် တည်းဟူသော မင်း,ကြွင်းသော လူအပေါင်းတို့နှင့် တကွဖြစ်သော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါတိ၊ အရာမကျ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ထိုးထွင်း၍ သိပြီဟူ၍။ ပစ္စညာသိံ၊ ဝန်ခံတော်မူပြီ။

## ပစ္စဝေက္ခဏာဉာဏ်

၂၃။ ဉာဏဉ္စ ပန ဒဿနံ၊ သစ္စာလေးပါးကို အမှန်အတိုင်း သိမြင် ဆင်ခြင်ခြင်း တည်းဟူသော ပစ္စဝေက္ခဏာ ဉာဏ်အမြင် သည်လည်း။ မေ၊ ငါ့အား။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ် တော်မူပြီ။

"မေ၊ ငါ၏၊ ဝိမုတ္တိ၊ ကိလေသာမှ အထူးသဖြင့် လွတ်ကင်း သောစိတ်ကို။ (ဝါ) အရဟတ္တမဂ်ဖိုလ်စိတ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက် တရားများ ဖြစ်ကြသော တဏှာ မာန ဒိဋ္ဌိတို့သည် မဖျက်ဆီးအပ်။ ဣတိ၊ ဤသို့ ဖြစ်လေပြီ။ အယံ၊ ဤ ဥပါဒါနက္ခန္ဓာ ငါးပါး၏ ဖြစ်ခြင်းသည်။ အန္တိမာ၊ နောက်ဆုံး ဖြစ်သော၊ ဇာတိ၊ ဖြစ်ခြင်းပေ တည်း။ ဣဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဖန် ဥပါဒါ နက္ခန္ဓာ ငါးပါး အသစ် ဖြစ်ပေါ်ခြင်းသည်။ နတ္ထိ၊ မရှိတော့ချေ။

ဣတိ ဉာဏဒဿနံ၊ ဤသို့သော ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

## ပဉ္စဝဂ္ဂီတို့ ဝမ်းမြောက်ခြင်း

၂၄။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူ သော မြတ်စွာဘုရားသည်။ ဣဒံ၊ ဤ ဒွေ မေ ဘိက္ခဝေ အစ ရှိသော ဓမ္မစကြာတရား သစ္စာလေးပါးကို။ အဝေါစ၊ မိန့် တော်မူ၏။

ပဉ္စဝဂ္ဂိယာ ဘိက္ခူ၊ အသျှင် ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ဟူသော ငါးဦးသော ရဟန်းတို့သည်၊

အတ္တမနာ၊ ဝမ်းမြောက်ကြ ကုန်သည် ဖြစ်၍။ ဘဂဝတော၊
မြတ်စွာဘုရား၏။ ဘာသိတံ၊ ဟောတော်မူအပ်သော ဓမ္မစကြာ
တရားတော်ကို။ အဘိနန္ဒုံ၊ လွန်စွာ နှစ်သက်ကြ၍ သာဓု
ခေါ်ကြလေပြီ။

ဣတိ၊ ဤသို့ မျက်မှောက်တော်မှ ကြားလိုက်ရ၏ ဟူ၍
အသျှင် အာနန္ဒာမထေရ်က လျှောက်ကြားပေ၏။

## အသျှင်ကောဏ္ဍည သောတာပန် တည်ခြင်း

၂၅။ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ၊ ဤ ဂါထာ မစွက်
ဗျာကရုဏ်း သက်သက် တရားကို။ (ဝါ) ဤ အမေး အဖြေ
ဖြစ်သော သစ္စာ လေးပါး တရား ဒေသနာတော်ကို။ ဘည
မာနေ၊ ဟောကြားတော် မူသည် ရှိသော်။ အာယသ္မတော
ကောဏ္ဍညဿ၊ အသျှင် ကောဏ္ဍညအား။ ဝိရဇံ၊ အပါယ်
လေးပါးသို့ လားစေတတ်သော ဥပါဒါနက္ခန္ဓာ ဟူသောမြူ မရှိ
သော။ ဝီတမလံ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ပါးကို အကြွင်းမဲ့ပယ်သဖြင့်
ကင်းသောမြူ အညစ်အကြေးရှိသော။ ဓမ္မစက္ခုံ၊ သောတာပတ္တိ
ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပြီ။

ဖြစ်ပုံကား-

"ယံ ကိဉ္စိ၊ အလုံးစုံသော သင်္ခတ တရားသည်။ (ဝါ)
တေဘူမက သင်္ခါရ တရားသည်။ (ဝါ) အဝိဇ္ဇာ အစရှိ
သော ပဋိစ္စသမုပ္ပါဒ ဥပါဒါနက္ခန္ဓာ ငါးပါးသည်။
သမုဒယဓမ္မံ၊ အကြောင်းနှင့် တကွ ဖြစ်ခြင်းသဘော
ရှိ၏။ (ဝါ) အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဖဿ, နာမ်
ရုပ်ဟူသော အကြောင်း သမုဒယ မကင်းဘဲ ဖြစ်ပေါ်

ခြင်း သမုဒယဓမ္မ မည်၏။ သဗ္ဗံ တံ၊ ထို အလုံးစုံသော သဘောတရားသည်။ (ဝါ) အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ဟူသော ကိလေသာဝဋ်, သင်္ခါရနှင့် ဘဝ (စေတနာ ကံ) ဟူသော ကမ္မဝဋ်တည်းဟူသော အကြောင်း ဒုက္ခ ဖြစ်သည့် သမုဒယသစ္စာနှင့် တကွ ဝိညာဏ်, နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ ဟူသော ဝိပါကဝဋ် တည်းဟူသော အကျိုး ဒုက္ခဖြစ်သည့် ဒုက္ခသစ္စာ ဥပါဒါနက္ခန္ဓာ ငါးပါးသည်။ နိရောဓဓမ္မံ၊ ပဋိစ္စသမုပ္ပန္န နိရောဓဓမ္မအနိစ္စ မျိုးဖြစ်၍ ချုပ်ပျောက်ခြင်း သဘောဖြစ်၏”။

ဣတိ၊ ဤသို့။ ဓမ္မစက္ခုံ၊ သောတာပတ္တိ ဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာပေ၏။

ဘုမ္မစိုးနတ်တို့ ကြွေးကြော်ခြင်း

၂၆။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတေစ ပန၊ ဟောတော်မူသည် ရှိသော်။ ဘုမ္မာဒေဝါ၊ ဘုမ္မစိုးနတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီး ပေးသော အသံကို။ အနုဿာဝေသုံ၊တပြိုင်နက် ကြွေးကြော်ကြကုန်၏။

ကိံ အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကြသနည်း ဟူမူကား-

“ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ဣသိပတနေမိဂဒါယေ၊ ဣသိပတနအမည်ရှိသော မိဂဒါဝုန်တော၌။ သမဏေနဝါ၊ ရဟန်းသည်၎င်း။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်၎င်း၊ ဒေဝေနဝါ၊ နတ်သည်၎င်း။ မာရေနဝါ၊ မာရ်နတ်သည်၎င်း။ ဗြဟ္မ

နာဝါ၊ ဗြဟ္မာသည်ရှင်း။ လောကသ္မိံ၊ လောက၌။
ကေနစိဝါ၊ တစုံတယောက်သော သူသည်ရှင်း။ အပ္ပဋိ
ဝတ္တိယံ၊ မဟောနိုင်သော။ အနုတ္တရံ၊ အတုမရှိသော။
ဧတံ ဓမ္မစက္ကံ၊ ဤဓမ္မစကြာ တရားတော်ကို။ ပဝတ္တိတံ၊
ဟောတော်မူအပ်ပြီ။

ဣတိ၊ ဤသို့။ အနုသာဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကြကုန်၏။

## အထက်နတ်တို့ကြွေးကြော်ခြင်း

၂၇။ ဘုမ္မာနံ ဒေဝါနံ၊ ဘုမ္မစိုးနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ သုတွာ၊ ကြားကြကုန်၍။ စာတုမဟာရာဇိကာဒေဝါ၊ စာတုမဟာရာဇ်နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုသာဝေသုံ၊ အဆင့်ဆင့်ကြွေးကြော်ကြကုန်၏။

စာတုမဟာရာဇိကာနံ၊ စတုမဟာရာဇ် နတ်တို့၏၊ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ သုတွာ၊ ကြားကြကုန်၍။ တာဝတိံသာဒေဝါ၊ တာဝတိံသာ နတ်တို့သည်၊ ယာမာဒေဝါ၊ ယာမာ နတ်တို့သည်။ တုသိတာဒေဝါ၊ တုသိတာ နတ်တို့သည်။ နိမ္မာနရတီဒေဝါ၊ နိမ္မာနရတီ နတ်တို့သည်။ ပရနိမ္မိတဝသဝတ္တီဒေဝါ၊ ပရနိမ္မိတဝသဝတ္တီ နတ်တို့သည်။ ဗြဟ္မကာယိကာဒေဝါ၊ ဗြဟ္မာတို့သည်၊ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုသာဝေသုံ၊ အဆင့်ဆင့် ကြွေးကြော်ကြကုန်၏။

ကိံ အနုသာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကြကုန်သနည်းဟူမူကား။

"ဘဂဝတာ၊ မြတ်စွာဘုရား သခင်သည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဣသိပတနေမိဂဒါယေ၊ ဣသိပတန အမည်ရှိသော မိဂဒါဝုန်တော၌။ သမဏေနဝါ၊ ရဟန်းသည်၎င်း။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်၎င်း။ ဒေဝေနဝါ၊ နတ်သည်၎င်း။ မာရေနဝါ၊ မာရ်နတ်သည်၎င်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်၎င်း။ လောကသ္မိံ၊ လောက၌။ ကေနစိဝါ၊ တစုံတယောက်သော သူသည်၎င်း။ အပ္ပဋိဝတ္တိယံ၊ မပယ်ဖျက်ခြား နိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ တံဓမ္မစက္ကံ၊ ဤဓမ္မစကြာတရား သစ္စာလေးပါးကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ"။

ဣတိ၊ ဤသို့။ အနုသာဝေသုံ၊ အဆင့်ဆင့် ကြွေးကြော်ကြကုန်၏။

## မြေလျှပ်ခြင်း

၂၈။ ဣတိဟ၊ ဤသို့လျှင်။ တေန ခဏေန၊ ထိုခဏ၌။ တေန လယေန၊ ထိုလယ၌။ တေန မုဟုတ္တေန၊ ထိုတမုဟုတ်ချင်း၌။ ယာဝဗြဟ္မလောကာ၊ အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂစ္ဆိ၊ ပြန့်နှံ၍တက်၏။ အယဉ္စဒသသဟဿိလောကဓာတု၊ ဤ တသောင်းသော လောကဓာတ် စကြဝဠာသည်လည်း။ သံကမ္ပိ၊ နိမ့်တုံမြင့်တုံ ခုန်၍လှုပ်၏။ သမ္ပကမ္ပိ၊ အိုးထိန်းစက်ကဲ့သို့ လည်၍လှုပ်၏။ သမ္ပဝေဓိ၊ ပုဂ်ဃောဉ် လှဲသကဲ့သို့ ရှေ့တိုး နောက်ငင်လှုပ်၏။ အပ္ပမာဏော၊ အတိုင်းအရှည်မရှိသော။ ဥဠာရော၊ ပြန့်ပြောသော။ ဩဘာသောစ၊ သဗ္ဗညုတ ဉာဏ်ရောင်သည်

လည်း။ (ဓါ)စိတ်ကြောင့်ဖြစ်သော ဥတုဇ အရောင်သည်လည်း။ လောကေ၊ လောက၌။ ဒေဝါနံ၊ နတ်ဗြဟ္မာတို့၏။ ဒေဝါနုဘာဝံ၊ နတ်ဗြဟ္မာတို့၏ အာနုဘော်ကို။ အတိက္ကမ္မ၊ လွန်၍။ ပါတုရ ဟောသိ၊ ထင်ရှားစွာ ဖြစ်ပေ၏။

## ဘုရားရှင် ဥဒါန်းကျူးခြင်း

၂၉။ အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥဒါနံ၊ ဝမ်းမြောက်သော စကားတော် ဥဒါန်းကို။ ဥဒါနေသိ၊ ဝမ်းမြောက်စွာ မြွက်ဆိုတော်မူ၏။

ကိံ ဥဒါနေသိ၊ အဘယ်သို့ မြွက်ဆိုတော် မူသနည်းဟူမူ ကား-

ဘော၊ အို-အချင်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။ ဘော၊ အို-အချင်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။

ဣတိ၊ ဤသို့။ ဥဒါနေသိ၊ မြွက်ဆိုတော်မူ၏။ ဣတိဟိဒံ-ဣတိဧဝ၊ ဤသို့ ဥဒါန်း ကျူးတော်မူသောကြောင့် သာလျှင်။ အာယသ္မတော ကောဏ္ဍညဿ၊ အသျှင် ကောဏ္ဍညအား။ "အညာသိ ကောဏ္ဍညော‌တွေဝ၊ အညာသိကောဏ္ဍည ဟူ၍ သာလျှင်"။ဣဒံ နာမံ၊ ဤအမည်သည်။ အဟောသိ၊ ဖြစ်ပေ၏။

## ရဟန်းအဖြစ် တောင်းခြင်း

၃၀။ အထခေါ၊ ထိုအခါ၌။ အာယသ္မာ အညာသိ ကောဏ္ဍညော၊ အသျှင်အညာသိ ကောဏ္ဍညသည်။ ဒိဋ္ဌဓမ္မော၊ သစ္စာလေးပါးကို မြင်ပြီးဖြစ်၍။ ပတ္တဓမ္မော၊ သစ္စာ လေးပါး

ကို ရပြီးပြီဖြစ်၍။ ဝိဒိတမေ့ွာ၊ သစ္စာလေးပါးကို သိပြီးပြီ ဖြစ်၍။ ပဋိယောဂါဠ္ဌမေ့ွာ၊ သစ္စာလေးပါးသို့ ဉာဏ်ဖြင့် သက်ဝင် ယုံကြည်ပြီးပြီဖြစ်၍။ တိဏ္ဏဝိစိကိစ္ဆော၊ ပညတ်ယုံမှားခြင်း၁၆-ပါး၊ ပရမတ်ယုံမှားခြင်း ၈-ပါးတို့ကိုလွန်မြောက်ပြီးပြီ ဖြစ်၍။ ဝိဂတ ကထံ ကထော၊ သို့လော, သို့လောဟု တွေးတောခြင်းမှ ကင်းလွတ်ပြီဖြစ်၍။ သတ္ထုသာသနေ၊ မြတ်စွာ ဘုရား၏ သာသနာတော်၌။ ဝေသာရဇ္ဇပတ္တော၊ ရဲရင့်ခြင်းသို့ ရောက်ပြီ ဖြစ်၍။ အပရပစ္စယော၊ ကိုယ်တိုင် သိမြင်ပြီး ဖြစ်၍ သူတပါး အား ယုံကြည် အားထားစရာ မရှိတော့ပြီဖြစ်၍။ ဘဂဝန္တံ၊ မြတ်စွာ ဘုရားကို၊ ဧတံဝစနံ၊ဤသို့သော စကားကို။ အဝေါစ၊ လျှောက်ကြားလေ၏။

ကိံ အဝေါစ၊ အဘယ်သို့ လျှောက်ကြားသနည်းဟူမူကား-

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်အဖြစ်ကို။ လဘေယျံ၊ ရလိုပါ၏။ ဥပသမ္ပဒံ၊ပဉ္စင်း အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ကြားလေ၏။

ဟေိ ဘိက္ခု ခေါ်ခြင်း

၃၁။ ဘိက္ခု၊ ချစ်သားရဟန်း။ ဧဟိ၊ လာလော့။ ဓမ္မော၊ တရားတော်ကို။ မယာ၊ ငါဘုရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟောအပ်ပြီ။ ဒုက္ခဿ၊ ဥပါဒါနက္ခန္ဓာ ဟူသော ဝဋ်ဆင်းရဲ၏။ အန္တ ကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ သမ္မာ၊

ကောင်းစွာ။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရ၊ ကျင့်လေလော့။

ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ မိန့်တော်မူ၏။ တဿ အာယသ္မတော၊ထို အသျှင် ကောဏ္ဍညအား။ သာဝဉပသမ္ပဒါ၊ ထို ဧဟိဘိက္ခုပဉ္စင်းအဖြစ်သည်လျှင်။အဟောသိ၊ ဖြစ်လေပြီ။

သဘာဝအနက် ပြီး၏။

# ဓမ္မစကြာအဆီ

ဓမ္မစကြာ ဒေသနာတော်သည် ဗုဒ္ဓဘာသာဝင်များ အတွက် အထူး အရေးကြီးသော တရားတော်ဖြစ်၏၊ အကြောင်းမူကား မြတ်စွာဘုရားသည် သဗ္ဗညုတ ရွှေညာဏ်တော်ကို ရတော်မူပြီး နောက် ရှေးဦးစွာ ဟောကြားတော်မူသော တရားဖြစ်သော ကြောင့်တည်း။

ဂေါတမ မြတ်စွာဘုရားသည်သာလျှင် မဟုတ်။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင် အနန္တ တို့သည် ပင်လျှင် ဓမ္မစကြာ တည်းဟူသော သစ္စာလေးပါး တရားတော် ကို ဘုရားဦးထား၍ ဟောကြားတော်မူကြကုန်၏။ ထို့ကြောင့် ဓမ္မစကြာတရားသည် အဘိဓမ္မာ ခုနစ်ကျမ်း၏ သည်းခြေဖြစ်၏။ ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်၏ မိခင်ပမာ မာတိကာ ဖြစ်၏။ မြတ်စွာဘုရား လေးဆယ့်ငါးဝါ ပတ်လုံး ဟောတော် မူသမျှ တရားအပေါင်းသည် သစ္စာလေးပါးမှ လွတ်သည်မရှိ၊ သစ္စာလေးပါးသည် ဓမ္မတာအားဖြင့် ဘုရား ပွင့်သည်ဖြစ်စေ, မပွင့်သည်ဖြစ်စေ အမြဲရှိနေသော်လည်း ဘုရားတဆူ တဆူ ပွင့်တော်မူပါမှ တကြိမ်သာလျှင် ပေါ်လာပေ၏။ ထို့ကြောင့် ဓမ္မစကြာ တည်းဟူသော သစ္စာလေးပါး တရားတော်သည် ဗုဒ္ဓ ဘာသာဝင် သူတော်စင်များအတွက် အစတရားလည်း ဖြစ်၏၊ အဆုံး တရားသည်လည်း ဖြစ်ပေ၏။

သို့ရာတွင် ဓမ္မစကြာ သုတ်တော်ကို ဟောကြားရာ၌ ရှေး ဦးစွာ အသျှင်ကောဏ္ဍည တပါးတည်းသာလျှင် သောတာပန်

တည်၍ နောက်ရက်, နောက်နေ့များ၌လည်း တနေ့လျှင်တပါးစီ သာလျှင် သောတာပန် တည်တော်မူကြသဖြင့် မြတ်စွာဘုရား ကိုယ်တော်တိုင် ရှေးဦးစွာ ငါးရက်ပတ်လုံး ဟောကြားတော်မူရသော တရားတော် ဖြစ်၏။ အသျှင် ကောဏ္ဍည အမှူးရှိသော ပဉ္စဝဂ္ဂီငါးဦး တို့သည်ကား ကမ္ဘာတသိန်းထက် ပဒုမုတ္တရဘုရား လက်ထက်တော်က ဆုပန်လာခဲ့ကြသော တကယ့် မဟာသာဝက အလောင်းတော် ပါရမီရှင်ကြီးများ ဖြစ်ကြ၏။ ဘုရားပွင့်တော်မူတိုင်း တရားနာကြရ၏။ သို့ပါလျက် ဂေါတမ မြတ်စွာဘုရား ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူသောအခါ အားလုံး တထိုင်တည်းနှင့် သောတာပန် မတည်ကြချေ။ အကြောင်းမူကား ဝိပဉ္စိတညူ ပုဂ္ဂိုလ်များ ဖြစ်ကြသော ကြောင့်တည်း။ ထို့ကြောင့် ဓမ္မစကြာတရားသည် ဝိပဉ္စိတညူပုဂ္ဂိုလ်များ အတွက် တမဂ်တဖိုလ်ကို ရနိုင်စေသော်လည်း ယခုလို နေယျ ခေတ်၌ နေယျ ပုဂ္ဂိုလ်များအတွက် တမဂ် တဖိုလ်ကို ရနိုင်ဘို့ ခဲယဉ်းလှပေ၏။

သို့ရာတွင် ဓမ္မစကြာတရားကို နေယျပုဂ္ဂိုလ်များ နားလည် အောင်, သဘောပေါက်အောင်, အသိပိုင်အောင် ဘုရားအလို တော်ကျ အကျယ်ဝိတ္ထာရ ရှင်းလင်းပြသ ဟောဘိုကြပါမူကား ၎င်းတရားနှင့်ပင် နေယျပုဂ္ဂိုလ်များ တမဂ်တဖိုလ်ကို ရကြရန် ခဲယဉ်းမည်မဟုတ်ချေ။

ဓမ္မစကြာသုတ် အပိုဒ်(၂၅)၌ “ဣမသ္မိံ စ ပန ဝေယျာ ကရဏသ္မိံ ဘညမာနေ” အစရှိသောပုဒ်တွင်—

“ဣမသ္မိံစ ပန ဝေယျာကရဏသ္မိံ” ဤဂါထာ မဘက် သက်သက်သော အမေး-အဖြေပြသော ဗျာကရဏ်းကို။ ဘည

မာနေ၊ ဟောတော်မူသည်ရှိသော် စသည်ဖြင့် မိန့်ဆိုထားရာ မြတ်စွာဘုရားသည် ဓမ္မစကြာကို တနေ့လုံး အမေး အဖြေနှင့် ဟောတော်မူကြောင်းမှာ ထင်ရှားလှပေ၏။ ထို့ကြောင့် ပဉ္စဝဂ္ဂီငါးဦးတို့က နားမရှင်း၍ ပြန်ကြား လျှောက်ထားသောစကား မြတ်စွာဘုရားက အကျယ်ရှင်းလင်း ပြဆိုသော စကားတော်များသည် ဤသုတ်ရင်း၌ အကျဉ်းဖြစ်၍ အပြည့်အစုံ အကုန် ပါဝင်ဟန် မတူချေ။

## သဿတနှင့် ဥစ္ဆေဒ

ဥပမာ "ဒွေ မေ အန္တာ နသေဝိတဗ္ဗာ- ကတမေ ဒွေ" စသည်ဖြင့် ဟောကြားတော်မူရာ၌ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးကို မူတည်၍ ဟောကြားတော်မူရာ ပဉ္စဝဂ္ဂီငါးဦးက "သဿတဒိဋ္ဌိ ဆိုတာ ဘာလဲဘုရား၊ ဥစ္ဆေဒဒိဋ္ဌိ ဆိုတာ ဘာလဲဘုရား။ တပည့်တော်များ နားလည်အောင် မကျဉ်းမကျယ် ဟောတော်မူပါဦးဘုရား" စသည်ဖြင့်လျှောက်ထားကောင်း လျှောက်ထားကြပေလိမ့်မည်။

ထိုအခါ မြတ်စွာဘုရားက မဟာနိဒ္ဒေသ ပါဠိတော်၌ ဟောကြားတော်မူသည့်အတိုင်း-

အတ္တာတိ အတ္တဒိဋ္ဌိ၊ နိရတ္တာတိ ဥစ္ဆေဒဒိဋ္ဌိ။
အတ္တာတိ ဂဟိတံနတ္ထိ၊ နိရတ္တာတိ မုဉ္စိတဗ္ဗံ နတ္ထိ၊
ယဿ နတ္ထိ ဂဟိတံ၊ တဿ နတ္ထိ မုဉ္စိတဗ္ဗံ။
ယဿ နတ္ထိ မုဉ္စိတဗ္ဗံ၊ တဿ နတ္ထိဂဟိတံ။

အစရှိသည်ဖြင့် ဟောကြားကောင်း ဟောကြားတော်မူပေလိမ့်မည်။

အနက်ကား။ ။အန္တာတိ၊ အန္တဟူသည်ကား။ အန္တဒွိဋ္ဌိ၊ သဿတဒိဋ္ဌိတည်း။ နိရန္တာတိ၊ နိရန္တဟူသည်ကား။ ဥစ္ဆေဒဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတည်း။ အန္တာတိ၊ အန္တဟူသည်ကား။ နတ္ထိ၊ မရှိသော ဝတ္ထုကို။ ဂဟိတံ၊ စွဲယူခြင်းတည်း။ နိရန္တာတိ၊ နိရန္တဟူသည် ကား။ နတ္ထိ၊ မရှိသောဝတ္ထုကို။ မုဉ္စတဗ္ဗံ၊ အရှိထင်၍ လွှတ်ခြင်း တည်း။ ယဿ၊ အကြင်သူအား။ နတ္ထိ၊ မရှိသော ဝတ္ထုကို။ ဂဟိတံ၊ စွဲယူခြင်း။ တဿ၊ ထိုသူအား။ နတ္ထိ၊ မရှိသောဝတ္ထုကို။ မုဉ္စိတဗ္ဗံ၊ လွှတ်ခြင်းတည်း။ ယဿ၊ အကြင်သူအား။ နတ္ထိ၊ မရှိ သောဝတ္ထုကို။ မုဉ္စိတဗ္ဗံ၊ လွှတ်ခြင်းတည်း။ တဿ၊ ထိုသူအား။ နတ္ထိ၊ မရှိသောဝတ္ထုကို။ ဂဟိတံ၊ စွဲကိုင်ခြင်းတည်း။

ထိုသဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိနှင့်စပ်လျဉ်း၍ စူဠနိဒ္ဒေသပါဠိ တော်၌ ဟောကြားတော်မူသကဲ့သို့လည်း ဟောကြားကောင်း ဟောကြားပေလိမ့်မည်။

အန္တာတိ ဖဿော ဧကော အန္တော၊ ဖဿသမုဒယော ဒုတိယော အန္တော၊ ဖဿနိရောဓော မဇ္ဈေ။ ။အတီတံ ဧကော အန္တော၊ အနာဂတံ ဒုတိယော အန္တော၊ ပစ္စုပ္ပန္နံ မဇ္ဈေ။ ။သုခဝေဒနာ ဧကော အန္တော၊ ဒုက္ခဝေဒနာ ဒုတိယော အန္တော၊ အဒုက္ခမသုခါဝေဒနာ မဇ္ဈေ။ ။နာမံ ဧကော အန္တော၊ ရူပံ ဒုတိယော အန္တော၊ ဝိညာဏံ မဇ္ဈေ။ ။ဆ အဇ္ဈတ္တိကာယတနာနိ ဧကော အန္တော၊ ဆ ဗာဟိရာယတ နာနိ ဒုတိယော အန္တော၊ ဝိညာဏံ မဇ္ဈေ။ ။သက္ကာယော ဧကော အန္တော၊ သက္ကာယ သမုဒယော ဒုတိယော အန္တော၊ သက္ကာယ နိရောဓော မဇ္ဈေ။

စူဠနိဒ္ဒေသပါဠိတော်၊

အနက်မှာ လွယ်၏။ သို့ရာတွင် "နာမံ ကောာ အန္တော" စသော အပိုဒ်တပိုဒ်ကိုသာ ပြန်ဆိုပေအံ့။

နာမံ၊ ဥပါဒ်, ဌီ, ဘင်မျိုးကင်းသော အမည်နာမပညတ် လောကုတ္တရာ နိဗ္ဗာန်မှ တပါးသော နာမဓာတ် ဟူသမျှသည်။ ကောာအန္တော၊ တခုသော သဿတဒိဋ္ဌိမည်၏။ ရူပံ၊ ရူပုပါဒါ နက္ခန္ဓာဟူသော ရုပ်ဟူသမျှသည်။ ဒုတိယော အန္တော၊ နှစ်ခု မြောက်သော ဥစ္ဆေဒဒိဋ္ဌိမည်၏။ ဝိညာဏံ၊ ဥပါဒ်, ဌီ, ဘင်, ရှိသော အနုပါဒါနက္ခန္ဓာ ဟူသော ဝိညာဏ်သည်။ မဇ္ဈေ၊ အလယ်မည်၏။

သက္ကာယမှာ မူလပဏ္ဏာသ ပါဠိတော်၌ ဟောတော်မူသည့် အတိုင်း ဥပါဒါနက္ခန္ဓာ ငါးပါးကို သာလျှင် ကောက်ယူ အပ်၏။

ထို့ပြင်မှတပါးလည်း သုတ်သီလက္ခန် ပါဠိတော်၌ ဟော ကြားတော်မူသော သဿတဒိဋ္ဌိ(၁၈)ပါးနှင့် ဥစ္ဆေဒဒိဋ္ဌိ (၄၄) ပါး၊ ပေါင်း(၆၂)ပါးသော ဒိဋ္ဌိနှင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာသော အန္တဂ္ဂါဟိက ဒိဋ္ဌိ(၅၀) တို့ကိုလည်း ခွဲခြား၍ ဟော တော်မူသည့်အပြင် မူလပဏ္ဏာသ ပါဠိတော်၌ ဟောကြားတော် မူသော(၃၆)ပါးသော (ပါသဏ္ဍ) မိစ္ဆာဒိဋ္ဌိအယူတို့ကိုလည်း ဟောကြားတော်မူပေလိမ့်မည်ဟု ယူဆရပေသည်။

အကျယ်ကို ဓမ္မကထိက ဆရာကြီး ဦးညွန့်- ရေးသား သော "ပညာနေတ္တိ ဝိပဿနာကျမ်း" ကျမ်းရင်း၌ ကြည့်ရှု တော်မူကြပါကုန်။

## သစ္စာလေးပါး

ဤကဲ့သို့ အယုတ်တရား နှစ်ပါးတွင် အကျုံးဝင်သော တနည်း– သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိနှစ်ပါးမှ ပေါက်ပွားလာသော(၆၂)ပါးသော ဒိဋ္ဌိနှင့် (၉၆) ပါးသော (ပါသဏ္ဍ) မိစ္ဆာ အယူများကို ရှုတ်ချကဲ့ရဲ့တော်မူပြီးမှ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းဖြင့်သော သစ္စာလေးပါး တရားတော်ကို ဟောကြားတော်မူ၏။

သစ္စာလေးပါးကို ဟောကြားတော် မူရာ၌လည်း အပိုဒ် (၂၂)၌–

"ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ" စသဖြင့် ဟောကြားတော်မူရာ ဣမေသု စတူသု အရိယသစ္စေသု၊ ဤအရိယာများ သိအပ်သော သစ္စာလေးပါးတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်ဟူ၍ သုံးပါးသော အပြန်ရှိသော။ ဒွါဒသာကာရံ၊ သုံးပါး လေးလီ အညီပြန့်ပွား တဆဲ့နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ နဂိုမူလ သူ့သဘာဝအတိုင်း ဖြစ်သော– စသည်ဖြင့် ဖြစ်လေရာ သစ္စာလေးပါး တပါးတပါး၌ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်အားဖြင့် သုံးပါးစီရှိလေသည်။

သစ္စဉာဏ် ဆိုသည်မှာ ဥပါဒါန်၏ အာရုံမျှသာ ဖြစ်သော ဥပါဒ်,ဌီ,ဘင် မရှိသည့် ရုပ် နာမ် ခန္ဓာ အပေါ်၌ အနိစ္စဓမ္မ, ဒုက္ခဓမ္မ, အနတ္တဓမ္မ ဟူ၍ ပိုင်းခြား၍ သိခြင်း၊ ဥပါဒ်, ဌီ, ဘင် ရှိသည့် ရုပ်နာမ် ခန္ဓာပေါ်၌ အနိစ္စ, ဒုက္ခ, အနတ္တဟု ပိုင်းခြား၍ သိခြင်းတည်းဟူသော ဝိပဿနာဉာဏ် ဖြစ်၏။

ကိစ္စဉာဏ် ဆိုသည်မှာ ဝိပဿနာဉာဏ်က သိသည့် အနိစ္စ, အနိစ္စမမှု, ဒုက္ခ, ဒုက္ခမေ့, အနတ္တ, အနတ္တမေ့တို့ကို ကျပ်ပြည့် ပွားများဆင်ခြင်နိုင်သော မဂ်ဉာဏ်ဖြစ်၏။

ကတဉာဏ် ဆိုသည်မှာ မဂ်ဉာဏ်က ကျပ်ပြည့် ဆင်ခြင်နိုင် သဖြင့် ဆိုင်ရာ ကိလေသာတို့ကို ပယ်ရှံမှုမတ္တ ဖိုလ်ဉာဏ်ဖြစ်၏။

ထိုကြောင့် သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်တို့၌ ဟော ကြားတော်မူသော—

> စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ—

ဟူသော ပါဠိစကားတော်များသည် အသံ သဒ္ဒါ တူကြသော် လည်း သဘာဝချင်း (တနည်း) သဘာဝတ္ထအနက်ချင်း မတူကြ ချေ။ ဤအချက်သည် အထူး အရေးကြီးသော အချက်ဖြစ်၍ ဖော်ပြခဲ့သော နိသျအနက်များကို ပြန်၍ဘတ်ရှုကြပါကုန်။

ဤကဲ့သို့ သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်များကို ဟော ကြားတော်မူရာ၌ သစ္စဉာဏ် ဖြစ်သော ဝိပဿနာ ဉာဏ်သည် အရေးကြီးလှပေ၏။ အကြောင်းမူကား ဝိပဿနာဉာဏ် ဖြစ်ပြီး မှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ဖြစ်နိုင်သောကြောင့်တည်း။

ဝိပဿနာဉာဏ်၏ အာရုံသည် ဥပါဒါနိ၏ အာရုံဖြစ်သော ဥပါဒါနက္ခန္ဓာပေါ်၌ သုံးသပ် ဆင်ခြင်ရမည်ဖြစ်ရာ ဒုက္ခသစ္စာ ကို ထူးသော အသိဉာဏ်ဖြင့် ပိုင်းခြားဘေနိုရပေမည်။

ဥပါဒါနက္ခန္ဓာ ဆိုသည်မှာလည်း မေ့ခံ, မေ့ခေတ်များသာ ဖြစ်သည့် ဥပါဒ်, ဌီ, ဘင် မရှိသော ရူပုပါဒါနက္ခန္ဓာ, ဝေဒနု

ပါဒါနက္ခန္ဓာ, သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ, ဝိညာဏုပါဒါနက္ခန္ဓာများ ဖြစ်လေရာ မမှာရုံ စိတ် စေတသိက် ရုပ်များဖြစ်ကြ၏။

ထိုကြော စိတ်တလုံး ဖြစ်ပေါ်သောအခါ ဝတ္ထုနှင့် အာရုံ မရှိဘဲ မဖြစ်နိုင်သည့်အပြင် ဖြစ်ပေါ်သည်နှင့် တပြိုင်နက် မရှေး မနှောင်း ကောင်း မကောင်းစသော စေတသိက်များလည်း အနုပုထုဇဉ်တို့၏ သန္တာန်၌ ကျရောက်မြဲ ဖြစ်လေသည်၊ သို့ အတွက် ကောင်း မကောင်း စသော စိတ်အမျိုးမျိုး ဖြစ်သည်ဟု ဆိုလျှင် သဘောအားဖြင့် ဝတ္ထုနှင့် အာရုံပါ အကျုံးဝင်ပြီး ဖြစ်သောကြောင့် ဥပါဒါနက္ခန္ဓာ ရုပ်နာမ်ပင် ဖြစ်လေသည်။

ထိုကြောင့် ဒုက္ခသစ္စာ၌ "ဇာတိပိ ဒုက္ခာ"ကို ဘာသာ ပြန်ဆိုရာ၌ အကျိုးဒုက္ခ ဖြစ်သော ဒုက္ခ ဒုက္ခ, ဝိပရိဏာမ ဒုက္ခ နှင့်သက်ဆိုင်သည့် ဝိပါက်ကဋတ္တာရုပ်နာမ်ကို မပြဘဲ အကြောင်း ဒုက္ခဖြစ်သော သင်္ခါရဒုက္ခနှင့် သက်ဆိုင်သည့် မမှာရုံ ရုပ်နာမ် ဖြစ်ပေါ်ခြင်း ဇာတိကိုသာ ဤ"မမှစကြာအဆီ"၌ ပြဆိုလိုက်ရ ပေသည်။ ပရမတ္ထ ရုပ်နာမ်၏ ဇာတိ, ဇရာ, မရဏနှင့် ပဋ္ပတ္တိ မမှာရုံ ရုပ်နာမ်၏ ဇာတိ,ဇရာ,မရဏတို့ တူးခြားကွဲပြားခြားနား ကြသည်ကို သတိပြုကြရာ၏။ ဆရာကောင်း လိုလှ၏။

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နညတြ ဒုက္ခာ သမ္ဘောတိ၊ နညံ ဒုက္ခာ နိရုဇ္ဈတိ။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။

ဒုက္ခမေဝ၊ ပဋိစ္စသမုပ္ပါဒဟူသော ဥပါဒါနက္ခန္ဓာ ဒုက္ခသည် သာလျှင်။ သမ္ဘောတိ၊ သမုဒယအားဖြင့် ဖြစ်စရာရှိ၏။ ဒုက္ခံ၊

သင်္ခါရဒုက္ခသည်။ တိဋ္ဌတိ၊ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, သညောဂ, ပလိဗောဓ, သမုဒယ, ဟေတု, ပစ္စယဟူသော ၌တိ ကိုးပါးအားဖြင့် တည်၏။ ဒုက္ခာ၊ သင်္ခါရဒုက္ခ ဟူသော ဓမ္မာရုံ ရုပ်နာမ် နှစ်ပါးသည်။ ဝေတိစ၊ နိရောဓဓမ္မ ပဋိစ္စသမုပ္ပန္န အနိစ္စ အားဖြင့် ချုပ်လည်း ချုပ်၏။ ဒုက္ခာ၊ ပဋိစ္စသမုပ္ပါဒ ဥပါဒါ နက္ခန္ဓာဟူသော သင်္ခါရဒုက္ခကို။ အညတြ၊ ကြဉ်ထား၍။ (ဝါ) ဖယ်ထား၍။နသမ္ဘောတိ၊ ဖြစ်စရာ တည်ရာဟူ၍ မရှိ။ ဒုက္ခာ၊ ဥပါဒါနက္ခန္ဓာ ဟူသော သင်္ခါရ ဒုက္ခမှ။ အညာ၊ တပါးသော တရားသည်။ နနိရုဇ္ဈတိ၊ နိရောဓဓမ္မအားဖြင့် ချုပ်စရာပျက်စရာ သေဆုံးစရာ မရှိချေ။

ဤ ပါဠိတော်အတိုင်း ဥပါဒါန်၏ အာရုံဖြစ်သော စိတ် တလုံး၏ သင်္ခါရဒုက္ခ ဖြစ်ပုံနှင့် သင်္ခါရဒုက္ခ၏ အနိစ္စဓမ္မ, ဒုက္ခဓမ္မ အနတ္တဓမ္မ ဖြစ်ပုံတို့ကို မိမိ အသိဉာဏ်၌ ကွက်ကွက် ကွင်းကွင်း ရှင်းရှင်းလင်းလင်းကြီး သိမြင်အောင် ဆရာကောင်းထံ၌ သင်ယူ နာကြားရာ၏။ ဤကဲ့သို့ ဒုက္ခသစ္စာဆိုက်သည့် ရုပ်နာမ်ပေါ်၌ ဝိပဿနာဉာဏ်ရအောင် သင်ယူ နာကြားခြင်းသည်သာလျှင် မဂ်ဉာဏ် မရမီ ရှေးအဘို့၌ ယောဂီများ ကျင့်အပ်သော မဇ္ဈိမာ ပဋိပဒါအကျင့် ဖြစ်လေသည်။

သို့မှသာလျှင် မဟာဝဂ္ဂ သံယုတ်ပါဠိတော်၌ ဟောတော်မူ သည့်အတိုင်း သစ္စာလေးချက် တပြိုင်နက် ဖြစ်နိုင်ပေမည်။

ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ဒုက္ခသမုဒယမ္ပိ သော ပဿတိ၊
ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒမ္ပိ ပဿတိ။

မဟာဝဂ္ဂသံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ သင်္ခါရဒုက္ခဟူသော ဒုက္ခသစ္စာကို။(ဝါ) စိတ်,စေတသိက်, ရုပ်တည်းဟူသော ကောင်း, မကောင်း စသည့် စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်းတည်းဟူသော ဒုက္ခသစ္စာကို။ ပဿတိ၊ ဝိပဿနာ ဉာဏ်(ဝါ) သစ္စဉာဏ်ဖြင့် အမှန်အတိုင်း ပိုင်းခြား ဝေဘန်၍ သိမြင်၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဒုက္ခသမုဒယမ္ပိ၊ သင်္ခါရဒုက္ခ ဖြစ်ကြောင်း ဖြစ်သော အဘိသင်္ခါရ သမုဒယ သစ္စာကိုလည်း။ ပဿတိ၊ ထိုးထွင်း၍ သိမြင်၏။ ဒုက္ခနိရောဓမ္ပိ၊ သင်္ခါရဒုက္ခ ဖြစ်သော ဥပါဒါနက္ခန္ဓာ၏ ချုပ်ရာ ဖြင်သော နိရောဓသစ္စာ အသင်္ခတနိဗ္ဗာန်မြတ်ကိုလည်း။ပဿတိ ထိုးထွင်း၍ သိမြင်၏။ ဒုက္ခနိရောဓဂါမိနိပဋိပဒံ၊ နိဗ္ဗာန်သို့ အာရုံပြု၍ ရောက်တတ်သောအကျင့် မဂ္ဂသစ္စာကိုလည်း။ ပဿတိ၊ထိုးထွင်း ၍ သိမြင်၏။

ထို့ပြင်လည်း ကထာဝတ္ထုပါဠိတော်၌-

ဒုက္ခေဒိဋ္ဌေစတ္တာရိသစ္စာနိ ဒိဋ္ဌာနိ ဟောန္တိ-အာမန္တာ။ ဟူ၍ ဟောကြားတော်မူ၏။

ဒုက္ခေ၊ သစ္စာထိုက်သည့် ဝိညာဏ်,နာမ်ရုပ်စသော သင်္ခါရ ဒုက္ခအစစ်ကို။ ဒိဋ္ဌေ၊ဝိပဿနာဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင် ကျပ်ပြည့် ဆင်ခြင်သိမြင်နိုင်သည်ရှိသော်။ စတ္တာရိသစ္စာနိ၊ လေးပါးသော သစ္စာတို့ကို၊ ဒိဋ္ဌာနိ၊ သိမြင်ပြီးဟူ၍။ ဟောန္တိ၊ ဖြစ်ထိုက်,ဆိုထိုက် ပါသနည်း။ ပုတိ၊ ဤသို့ မေးခွန်းထုတ်ခဲ့သော်။ အာမန္တာ၊ ဟုတ်ပါသည်, ဖြေဆိုက်ပါသည်ဟု ဝန်ခံ၏။

ထို့ကြောင့် ဒုက္ခသစ္စာ၌ (၁) ပညတ်ဒုက္ခ, (၂)ပရမတ် ဒုက္ခ, (၃) ဝိပဿနာဒုက္ခ, (၄) မဂ္ဂဖလဒုက္ခ ဟူသော ဒုက္ခ

လေးမျိုးကို ပိုင်းခြားဝေဘန်၍ သိမြင်ရန် အရေးကြီးလှပေကြောင်း။

ထို့ပြင် "ရှိဒုက္ခ"နှင့် "ဖြစ်ဒုက္ခ"ဟူ၍ နှစ်မျိုးရှိရာ ရှိဒုက္ခသည် ဥပါဒ် ဌီ ဘင်ရှိသော ဘူတရုပ် လေးပါးနှင့်တကွ စိတ် ဝိညာဏ်ဖြစ်၍ ပရိညာတ ဒုက္ခမည်၏။ မပယ်အပ်၊ သိရုံမျှသိ၍ ပွားရသော ဒုက္ခမျိုးတည်း။ "ဖြစ်ဒုက္ခ" သည်ကား ကတ, သင်္ခတ တရားတို့ဖြင့် ပြုပြင်၍ ဖြစ်ပေါ်လာသော သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ စသော ဒုက္ခမျိုးဖြစ်၍ ပဟာတဗ္ဗဒုက္ခမည်၏။ ဒုက္ခနှင့် ဒုက္ခဓမ္မကို ကွဲပြားရာ၏။

အကျယ်ကို "စံပြ ဝိပဿနာကျမ်း"၌ ကြည့်ရှုတော်မူကြပါကုန်။

## (အတ္ထ) အနက်အရေးကြီးပုံ

ဝိပဿနာပညာ၌ သဒ္ဒတ္ထအနက်ထက် သဘာဝတ္ထအနက်မှာ အရေးကြီးလှပေ၏၊

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ (အတ္ထ)၁၅-ပါးကို ဟောကြားတော်မူ၏။

၁။ အတ္တတ္ထော၀ါ၊အဘိဒိဋ္ဌကိုပယ်စွန့်၍ ဝိပဿနာဉာဏ်ဖြင့် သိမြင်အပ်သော အနက်။ (ဝါ) မိမိ အကျိုးကို ဆောင်သော အနက်၊

၂။ ပရတ္ထော၀ါ–ဥစ္ဆေဒဒိဋ္ဌိဖြင့် စွဲယူမှားသော အယူကို ပယ်စွန့်သော အနက်၊ (ဝါ) သူတပါးအကျိုးကို ဆောင်သော အနက်၊

၃။ ဥဘယတ္ထောဝါ-ရဟန္တာပုဂ္ဂိုလ်ကို ဟောသောအနက်။ (ဝါ)မိမိနှင့် သူတပါး နှစ်ပါးအကျိုးကို ဆောင်သော အနက်။

၄။ ဒိဋ္ဌဓမ္မကောဝါ အတ္ထော-မျက်မှောက် ခံစားအပ်သော အနက်။ သေက္ခပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်အနက်။

၅။ သမ္ပရာယိကောဝါ အတ္ထော-နောက်၌ ခံစားအပ်သော အနက်။ အသေက္ခပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်အနက်။

၆။ ဥတ္တာနောဝါ အတ္ထော- ပေါ်လွင် ထင်ရှားသော အနိစ္စ,ဒုက္ခ,အနတ္တ ဟူသော တရားတို့ဖြင့် ကောင်းစွာ သိအပ်, မြင်အပ်သော အနက်။

၇။ ဂမ္ဘီရတ္ထောဝါ အတ္ထော-ပုထုဇန်ပုဂ္ဂိုလ်တို့ သိမြင်ခြင်းငှာ လွန်စွာ နက်နဲခက်ခဲသော အနက်။

၈။ ဂုဠှောဝါ အတ္ထော- လျှို့ဝှက်ခြင်း သဘောရှိသော အနိစ္စ,ဒုက္ခ, အနတ္တကို သိမြင်သောအနက်။

၉။ ပဋိစ္ဆန္နောဝါ အတ္ထော-သစ္စာလေးပါးကို မသိမမြင်အောင် ဖုံးကွယ်ထားသော အဝိဇ္ဇာကို ဖောက်ခွဲ၍ နိဗ္ဗာန်ကို သိမြင်သော အနက်။

၁၀။ နေယျောဝါ အတ္ထော- တခုသော ဒေသနာကို တခုသော ဒေသနာဖြင့် ဆောင်ယူပြဆို၍ ဟောပြောမှ သိမြင်အပ်သော အနက်။

၁၁။ နိတောဝါ အတ္ထော- အကျဉ်းအားဖြင့် တခုသော ဒေသနာကို တိုက်ရိုက်ကေန် ပြောဆို၍ သိမြင်သော အနက်။

၁၂။ အနဝဇ္ဇောဝါ အတ္ထော-အပြစ် မရှိသောတရားတို့ဖြင့် ပြည့်ပြောဆို၍ သိမြင်အပ်သော အနက်။

၁၃။ နိက္ကိလေသောဝါ အတ္ထော- ကိလေသာ မရှိသဖြင့် သိမြင်အပ်သော အနက်။

၁၄။ ဝေါဒါနေဝါ အတ္ထော-မည်းညစ်သော သက္ကာယဒိဋ္ဌိဖြင့် မစွဲမကပ်စေမူ၍ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ဖြူစင်သောဒါန, ဖြူစင်သော သီလ, ဖြူစင်သော ဘာဝနာ ကုသိုလ်ဖြင့် သိမြင်အပ်သော အနက်။

၁၅။ ပရမတ္ထော-သဗ္ဗညုတ ဉာဏ်တော်၏ ကွန့်မြူးကျက်စားရာ ဖြစ်သောအနက်။

ဤကဲ့သို့ တဆယ့်ငါးပါးသော အနက်တို့ဖြင့် ဝေဘန်၍ သာလျှင် မြတ်စွာဘုရား ဟောကြားတော်မူ၏။

အရှင်သာရိပုတ္တရာ အလောင်းတော် ဥပတိဿသည် အရှင်အဿဇိမထေရ်ကို ဤသို့ ပြောဆို၏။

များသည် ဖြစ်စေ၊ နည်းသည် ဖြစ်စေ၊ မြတ်စွာဘုရား၏ အနက်ကိုသာ နာလိုပါသည်။ များစွာသော သဒ္ဒါကို အလိုမရှိပါ၊ မြတ်စွာဘုရား၏ အတ္ထ ဟူသော အနက်ကိုသာ ဟောတော်မူပါဟု တောင်းပန်၏။

အပ္ပံဝါ ဗဟုံဝါ ဘာသတု၊ အတ္ထမေဝ မေ ဗြူဟိ။
အတ္ထမေဝ မေ အတ္ထော၊ ကိံ ကာဟိသိ ဗျဉ္ဇနံ ဗဟုံ။

ဝိနည်းမဟာ ပါဠိတော်။

အပ္ပံဝါ၊ အနည်းငယ်မျှသော တရားကိုလည်း။ ဗဟုံဝါ၊ များစွာသော တရားကိုလည်း။ ဘာသတု၊ ဟောတော်မူလော့။ မေ၊ ငါ့အား။ အတ္ထမေဝ၊ တရား၏အနက်ကိုသာလျှင်။ ဗြူဟိ၊ ဟောတော်မူလော။ အတ္ထမေဝ၊ တရား၏ အနက်ကိုသာလျှင်။

မေ၊ ငါသည်။ အတ္တော၊ အလိုရှိ၏။ ဗဟုံ၊ များစွာသော။ ဗျဉ္ဇနံ၊ အက္ခရာပုဒ်ဗျည်း ဟူသော သဒ္ဒါကို။ ကိံ ကာဟိသိ၊ အဘယ်ပြုအံ့နည်း။

ထို့ကြောင့် ဘုရား စသော အရိယာ သူတော်ကောင်းတို့သည် အက္ခရာပုဒ်ဗျည်းကို အလေးမပြုကြဘဲ ဝိပဿနာ၏ အတ္ထ အနက်သဘောကိုသာလျှင် အလေးအမြတ် ပြုကြကုန်၏။

ဗျဉ္ဇနေ အာဘိနိဝေသံ အကတွာ အာစရိယာနံ နယေ ဌတွာ
အတ္ထော ဥပပရိက္ခိတဗ္ဗော၊ အတ္ထောဟိ ပဋိသရဏံ၊ နဗျဉ္ဇနံ။

သဠာယတန ၁၇ သံယုတ် အဋ္ဌကထာ။

ဗျဉ္ဇနေ၊ သဒ္ဒါဟူသော ပုဒ်ဗျည်း၌။ အဘိနိဝေသံ၊ နှလုံးသွင်းခြင်းကို။ အကတွာ၊ မပြုမူ၍။ အာစရိယာနံ၊ ဘုရားစသော ဆရာမြတ်တို့၏။ နယေ၊ ဝိပဿနာနည်း၌။ ဌတွာ၊ တည်၍။ အတ္ထော၊ ဝိပဿနာ၏ အနက်ကို။ ဥပပရိက္ခိတဗ္ဗော၊ ရှုဆင်ခြင်အပ်၏။ ဟိသစ္စံ၊ မှန်၏။ အတ္ထော၊ ဝိပဿနာ၏ အနက်သဘောသည်။ ပဋိသရဏံ၊ ကိုးကွယ်ရာတည်း။ ဗျဉ္ဇနံ၊ အက္ခရာပုဒ်ဗျည်း ဟူသော သဒ္ဒါသည်။ နပဋိသရဏံ၊ ကိုးကွယ်ရာ မဟုတ်။

## ပဋိဘာနဝါပညာ

သို့ရာတွင် ဆိုခဲ့ပြီးသော (အတ္ထ) အနက် သဘောတို့ကို ပဋိဘာနဝါပညာသုံးပါးနှင့် ပြည့်စုံသော ဓမ္မကထိကများသည်သာလျှင် သိမြင်စွမ်းဆောင်နိုင်ပေ၏။

ထို့ကြောင့် မဟာနိဒ္ဒေသ ပါဠိတော်၌ ပဋိဘာနဝါ ပညာ သုံးပါးကို ဟောကြားတော်မူ၏။

ပဋိဘာနဝါ ပညာသုံးပါးမှာ-

(၁) ပရိယတ္တိ ပဋိဘာနဝါပညာ,

(၂) ပရိပုစ္ဆာပဋိဘာနဝါပညာ,

(၃) အဓိဂမ ပဋိဘာနဝါ ပညာများ ဖြစ်ကြ၏။

(၁) ပရိယတ္တိ ပဋိဘာနဝါပညာ ဆိုသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူသော ပရိယတ္တိ ဒေသနာတော်သည် စင်ကြယ် သန့်ရှင်းသည်ဖြစ်၍ (သုတ္တ)ဟူသော အင်္ဂါကိုရသည်။ အသံဖြင့် ပြောဟောတော်မူခြင်းကြောင့် (ဂေယျ) ဟူသော အင်္ဂါကိုရသည်။ ပြေကြား၍ ကထေတု ပုစ္ဆာကဲ့သို့ ဟောတော်မူသောကြောင့် (ဝေယျာကရဏ ဟူသော) အင်္ဂါကို ရသည်။ သီဆိုအပ်သောကြောင့် (ဂါထာ) ဟူသော အင်္ဂါကိုရသည်။ နှုတ်တော်မြွက်၍ ဥဒါန်းကျူးရာ ဖြစ်သောကြောင့် (ဥဒါန) ဟူသော အင်္ဂါကိုရသည်။ ဤသို့ဟောဆိုသည်ဟု ပြဆိုလိုသောကြောင့် (ဣတိဝုတ္တက)ဟူသော အင်္ဂါကိုရသည်။ဇာတ်ကို ပြန်လှန်၍ ဟောဆိုရာ ဖြစ်သောကြောင့် (ဇာတက) ဟူသော အင်္ဂါကိုရသည်။ အံ့ဘွယ်သူရဲကို ဖြစ်စေရာဖြစ်သောကြောင့် (အဗ္ဘုတဓမ္မ)ဟူသော အင်္ဂါကိုရသည်။သဗ္ဗညုတ ရွှေဉာဏ်တော်၏ ကွန့်မြူး ကျက်စားရာ ဖြစ်သောကြောင့် (ဝေဒလ္လ)ဟူသော အင်္ဂါကိုရသည်။ ဤအင်္ဂါကိုးပါးနှင့် ပြည့်စုံသော ပရိယတ္တိကို သင်ကြားမှီဝဲ၍ သိသော ပညာသည် ပရိယတ္တိ ပဋိဘာနဝါ ပညာမည်၏။

(၂) ပရိပုစ္ဆာ ပဋိဘာနဝါ ပညာ ဆိုသည်မှာ အချို့သော သူသည် ဝိပဿနာဉာဏ်နှင့် စပ်သော အနိစ္စ, ဒုက္ခ, အနတ္တ

ဟူသော လက္ခဏာကိုရင်း၊ ရသနှင့် တကွ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ရှိသော တရားကိုရင်း၊ ဌာနာဌာန ကောသလ္လဉာဏ် ဟူသော အနက်ကိုရင်း၊ ဆရာကောင်းတို့ထံ ချဉ်းကပ် မေးမြန်း စုံစမ်း၍ ရရှိသော ပညာသည် ပရိပုစ္ဆာပဋိဘာနဝါ ပညာမည်၏။

(၃) အဓိဂမ ပဋိဘာနဝါ ပညာ ဟူသည်မှာ အချို့သော သူသည် သတိပဋ္ဌာန် လေးပါး, သမ္မပ္ပဓာန် လေးပါး, ဣဒ္ဓိပါဒ် လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင် ခုနစ်ပါး, အရိယာမဂ္ဂင် ရှစ်ပါး အရိယာတို့ မဂ်လေးပါး, ဖိုလ်လေးပါး, ပဋိသမ္ဘိဒါလေးပါး, အဘိဉာဏ်ခြောက်ပါး ဤတရားအပေါင်း တို့နှင့် ပြည့်စုံ၍ ရရှိသောပညာသည် အဓိဂမ ပဋိဘာနဝါ ပညာမည်၏။

ဤသို့ ပဋိဘာနဝါ ပညာသုံးပါးနှင့်ပြည့်စုံသော သပ္ပုရိသ ပုဂ္ဂိုလ်သည် သာလျှင် မြတ်စွာဘုရား၏ စကားတော်များကို နားလည်နိုင်၏။ ဘုရားအလိုတော်ကျ သွန်သင်ဆုံးမ ဩဝါဒ စကား ဟောကြားနိုင်ပေ၏။

> ပညာနေတ္တိ ဝိပဿနာကျမ်းပြုဆရာကြီး ဓမ္မကထိက ဦးညွန့် သည်ကား ပရိယတ္တိ ပဋိဘာန ပရိပုစ္ဆာ ပဋိဘာန, အဓိဂမ ပဋိဘာနပညာ သုံးပါးစလုံးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူ၏။

## သာသနာတော်၏ ဘေးရန်များ

ထို့ပြင်မှ တပါးလည်း ပရိယတ္တိ ပဋိဘာနဝါ ပညာ၌ ပြဆိုခဲ့သည့် သုတ္တ, ဂေယျ, ဝေယျာကရဏ စသော အင်္ဂါ ကိုးပါးနှင့် ပြည့်စုံသော တရားတော်မှာ သုတ္တန်နှင့် အဘိဓမ္မာ

တရားတော်များ ဖြစ်ကြလေရာ အဓိဂမ ပဋိဘာနဝါ ပညာနှင့် မပြည့်စုံသေးသော ဗာဟိရက ဓမ္မကထိက များက ထိုတရားတော်များကို ဟောကြားကြသောကြောင့် ပဋိဝေဓ သာသနာတော်သည် တဖြည်းဖြည်း ကွယ်ပျောက်ခြင်းသို့ ရောက်လတ္တံ့ဟူ၍ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်နှင့် ပဥ္စကင်္ဂုတ္တရပါဠိတော်တို့၌ ဗျာဒိတ်စကား ဟောကြားတော်မူ၏။

ဧဝမေဝ ခေါ ဘိက္ခဝေ ဘဝိဿန္တိ ဘိက္ခူ အနာဂတမဒ္ဓါနံ ယေ တေ သုတ္တန္တာ တထာဂတဘာသိတာ ဂမ္ဘီရာ ဂမ္ဘီရတ္ထာ လောကုတ္တရာ သုညတပဋိသညုတ္တာ၊ တေသု ဘညမာနေသု န သုဿူသိဿန္တိ၊ န သောတံ ဩဒဟိဿန္တိ၊ န အညာ စိတ္တံ ဥပဋ္ဌာပေဿန္တိ၊ န စ တေ ဓမ္မေ ဥဂ္ဂဟေတဗ္ဗံ ပရိယာပုဏိတဗ္ဗံ မညိဿန္တိ။ ယေ ပန တေ သုတ္တန္တာ ကဝိတာ ကာဝေယျာ စိတ္တက္ခရာ စိတ္တဗျဥ္ဇနာ ဗာဟိရကာ သာဝကဘာသိတာ၊ တေသု ဘညမာနေသု သုဿူသိဿန္တိ၊ သောတံ ဩဒဟိဿန္တိ၊ အညာ စိတ္တံ ဥပဋ္ဌာပေဿန္တိ၊ တေ စ ဓမ္မေ ဥဂ္ဂဟေတဗ္ဗံ ပရိယာပုဏိတဗ္ဗံ မညိဿန္တိ။ ဧဝမေ တေသံ ဘိက္ခဝေ သုတ္တန္တာနံ တထာဂတ ဘာသိတာနံ ဂမ္ဘီရာနံ ဂမ္ဘီရတ္ထာနံ လောကုတ္တရာနံ သုညတပဋိသညုတ္တာနံ အန္တရဓာနံ ဘဝိဿတိ။ တသ္မာ တိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။ ၇-အာနိသုတ်(၃၅၇)

ဧဝမေဝ ခေါ၊ ဤ ပုင်္ငန်တက်မ မုဒိင်မည်သော မရိုးစည်ကြီးကဲ့သို့။ ဘိက္ခဝေ၊ ရဟန်းတို့။ အနာဂတမဒ္ဓါနံ၊ နောင် အနာဂတ်၌

ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဘာဝိဿန္တိ၊ ဖြစ်ရစ်ကြကုန်လတ္တံ့။

ဂမ္ဘီရာ၊ နက်နဲ ခက်ခဲကုန်သော။ ဂမ္ဘီရတ္ထာ၊ နက်နဲခက်ခဲသော အနက်သဘော ရှိကုန်သော။ လောကုတ္တရာ၊ ဥပါဒါနက္ခန္ဓာ တည်းဟူသော လောကမှ လွန်မြောက် ကုန်သော။ သုညတပဋိသံယုတ္တာ၊ နိစ္စ သုခ သုဘ အတ္တဟူသော မဲ့သွာဒိဋ္ဌိ အယူမှ ဆိတ်သုဉ်းကုန်သော။ ယေ တေ သုတ္တန္တာ၊ အကြင် ဓမ္မစကြာသုတ် အနတ္တလက္ခဏသုတ် စသော သုတ္တန်ဟူသော ဒေသနာတရားတော် ဟူသမျှတို့ကို။ တထာဂတဘာသိတာ၊ မြတ်စွာဘုရား ရွှေညာဏ်တော်ဖြင့် ကြည့်၍ ဟောတော်မူအပ်ကုန်၏။ တေသု၊ ထို နက်နဲခက်ခဲ သိမ်မွေ့သော သုတ္တန်တရားတော်မြတ်တို့ကို။ ဘညမာနေသု၊ ဟောပြောကြ ကုန်သည်ရှိသော်။ န သုဿူသိဿန္တိ၊ မနာကြားနိုင်ကြကုန်လတ္တံ့။ သောတံ၊ နားကို။ န ဩဒဟိဿန္တိ၊ ဖွင့်၍ မထောင်ကြကုန်လတ္တံ့။ အညာစိတ္တံ၊ ဘဝမှတပါး ဘဝမှလွတ်မြောက်ရာ ဖြစ်သော နိဗ္ဗာန်ဟူသောစိတ်ကို။ န ဥပဋ္ဌာပေဿန္တိ၊ မဖြစ်စေနိုင်ကြကုန်လတ္တံ။ တေ ဓမ္မေ၊ ထို နက်နဲ ခက်ခဲသော သုတ္တန် တရားတော်မြတ်တို့ကို။ ဥဂ္ဂဟေတဗ္ဗံ၊ သင်အပ်၏ဟူ၍။ ပရိယာပုဏိတဗ္ဗံ၊ သရဇ္ဈာယ်အပ်၏ဟူ၍။ န စ မညိဿန္တိ၊ မမှတ်ထင်နိုင်ကြကုန်လတ္တံ့။

ယေ ပန တေ သုတ္တန္တာ၊ ထိုမြတ်စွာဘုရားသည် ဟောတော်မူအပ်သော ခက်ခဲ နက်နဲသော သုတ္တန် တရားတော်တို့ကို။ ကဝိတာ၊ လောကီ၌ လိမ်မာကုန်သော။ ကာဝေယျာ၊ လောကီ၌ လိမ်မာသဖြင့် စကားတတ်ကုန်သော။ စိတ္တက္ခရာ၊ ဆန်းကြယ်စွာ အက္ခရာကို တတ်ကုန်သော။ စိတ္တဗျဉ္ဇနာ ဆန်းကြယ်စွာ သဒ္ဒါကို

တတ်ကုန်သော။ ဗာဟိရကာ၊ ပဋိဝေဓ သာသနာတော်မှ အပ ဖြစ်ကုန်သော။ သာဝကာ၊ တပည့်တို့သည်။ ဘာသိတာ၊ ဟော အပ်ကုန်၏။

တေသု၊ ထို ဗာဟိရက သာဝကတို့၏ ပြော ဟော သော အတ္တဂါဟတရားတို့ကို။ ဘညမာနေသု၊ အဆင့်ဆင့် ဟောပြော ကြကုန်သည် ရှိသော်။ သုဿူသိဿန္တိ၊ နာကြားကြကုန်လတံ့။ သောတံ၊ နားကို။ သြဒဟိဿန္တိ၊ ဖွင့်၍ထောင်ကြကုန်လတံ့။ အညာစိတ္တံ၊ နိဗ္ဗာန်မှ ဘိလာဖြစ်သော အတ္တဂါဟစွဲယူသော စိတ်ကို။ ဥပဋ္ဌာပေဿန္တိ၊ ဖြစ်စေနိုင်ကြကုန်လတံ့။ တေဓမ္မေ၊ ထိုဆန်းကြယ်သောစကားတတ်ကုန်သော ဗာဟိရကသာဝကတို့ ဟောသော အတ္တဂါဟ တရားတို့ကို။ ဥဂ္ဂဟေတဗ္ဗံ၊ သင်အပ်၏ ဟူ၍။ ပရိယာပုဏိတဗ္ဗံ၊ သရဇ္ဈာယ်အပ်၏ဟူ၍။ မညိဿန္တိ၊ မှတ်ထင်ကြကုန်လတံ့။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ၊ ဤပုဇ္ဇန်တက်မ အာနက မည်သော မရိုးစည်ကြီး၏ ပျက်စီးသကဲ့သို့။ ဂမ္ဘီရာနံ၊ နက်နဲ့ ခက်ခဲကုန်သော။ ဂမ္ဘီရတ္ထာနံ၊ နက်နဲ ခက်ခဲသော ဝိပဿနာ အနက်သဘော ရှိကုန်သော။ လောကုတ္တရာနံ၊ ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န တည်းဟူသော လောကမှ လွန်မြောက်ကုန်သော။ သုညတပ္ပဋိသညုတ္တာနံ၊ နိစ္စ, သုခ, သုဘ, အတ္တဟူသော အတ္တဂါဟ ဒိဋ္ဌိမှ ဆိတ်သုဉ်းကုန်သော။ တထာဂတ ဘာသိတာနံ၊ မြတ်စွာ ဘုရားသည် ဟောတော်မူအပ်ကုန်သော။ တေသံ သုတ္တန္တာနံ၊ ထို သုတ္တန် တရားတော်တို့၏။ အန္တရဓာနံ၊ ကွယ်ပျောက်ခြင်းသို့ ရောက်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဘိက္ခဝေ၊ ရဟန်းတို့၊ တသ္မာ၊ ထိုသို့ သာသနာတော်၏ ကွယ်ပျောက်မည်ကို မြင်သောကြောင့်။ ဣဓ၊ ဤငါဘုရား၏ ပဋိဝေဓ–အနုတ္တ သာသနာတော်ကြီး၌။ ဧဝံ၊ ဤသို့ သာသနာတော် မကွယ်ပျောက်ရအောင် ကောင်းစွာ နှလုံးသွင်း၍။ သိက္ခိတဗ္ဗံ၊ ကျင့်ထိုက်လှလေ၏။ ထို့ပြင်မှ တပါး ပဉ္စကင်္ဂုတ္တရ ပါဠိတော်၌လည်း။

ပဉ္စိမာနိ ဘိက္ခဝေ အနာဂတဘယာနိ ဧတရဟိ အသမုပ္ပန္နာနိ အာယတိံ သမုပ္ပဇ္ဇိဿန္တိ။လ။ ဣဒံ ဘိက္ခဝေ ဒုတိယံအနာဂတဘယံ ဧတရဟိ အသမုပ္ပန္နံ အာယတိံ သမုပ္ပဇ္ဇိဿတိ (လ)တေ အဘာဝိတကာယာ သမာနာ အဘာဝိတသီလာ အဘာဝိတစိတ္တာ အဘာဝိတပညာ အဘိဓမ္မကထံ ဝေဒလ္လကထံ ကထေန္တာ ကဏှဓမ္မံ ဩက္ကမမာနာ နဗုဇ္ဈိဿန္တိ။

အစရှိသည်ဖြင့် မြတ်စွာဘုရား၏ ရွှေညာဏ်တော်သာလျှင် ကွန့်မြူး ကျက်စားစရာဖြစ်သော အဘိဓမ္မာ တရားတော်, ဝေဒလ္လ တရားတော်မြတ်များကို ဘုရားအလိုတော်ကျ ညာဏ် မသက်ဝင် နိုင်ပါဘဲလျက် ဟောကြားပြသကြသောကြောင့် အလွန့်အလွန် ခက်ခဲနက်နဲ သိမ်မွေ့ဖြူစင်လှစွာသော အဘိဓမ္မာ တရားတော်မှာ မည်းညစ်ခြင်းသို့ရောက်သဖြင့် သာသနာတော်၏ ဘေးရန်သာ ဖြစ်လတံ့ဟူ၍ ဗျာဒိတ်စကား ဟောကြားတော်မူ၏။

အကျယ်ကို သုဓမ္မဝတီရိုက် ပဉ္စကင်္ဂုတ္တရ ပါဠိတော် ယောဓ ဇီဝဝဂ် စာမျက်နှာ ၇၅-မှစ၍ ဘတ်ရှုကြပါကုန်။(၉၄-ဆ၅)

သုတ္တန် ဒေသနာ တော်များမှာ ဓမ္မစကြာသုတ်, အနတ္တ လက္ခဏာသုတ် စသည်များကဲ့သို့ ဝိပဿနာညာဏ်အတွက်ဖြစ်၍

အဘိဓမ္မာ တရားတော်မှာ ပဋိသမ္ဘိဒါ ဉာဏ်အတွက်ဖြစ်သည်။ သုတ္တန်တရားတော်မှာ အများအားဖြင့် ဥပါဒါနက္ခန္ဓာပေါ်၌ မူတည်၍ ဟောကြားတော်မူ၏။ အဘိဓမ္မာ တရားတော်မှာမူကား အနုပါဒါနက္ခန္ဓာပေါ်၌ မူတည်၍ ဟောကြားတော်မူသည်။

## ဥပါဒါနက္ခန္ဓာ

ဥပါဒါနက္ခန္ဓာ ဆိုသည်မှာ မျက်စိအကြည်, နားအကြည် နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည်, မနော အကြည် ဟူသော အကြည်မှန် ဓာတ် ခြောက်ချပ် အပေါ်သို့ ရောက်လာသော အာရုံ အရိပ်အရောင်ကို အကောင်အထည်ဒြပ် နှင့်တကွ မြင်တွေ့နေခြင်းပင် ဖြစ်သည်။အရိပ်အရောင်ဖြစ်ပေါ်စ ကို ဥပ္ပါဒဋ္ဌိတိ၊ ဖြစ်ပေါ်စဉ်ကို ပဝတ္တဋ္ဌိတိ၊ အဝိဇ္ဇာ အစရှိသော တရားတို့ ဖြစ်ခြင်း၏အကြောင်း ဖြစ်သောကြောင့် နိမိတ္တဋ္ဌိတိ၊ ဆင်းရဲသော ဘေးအပေါင်းဖြစ်အောင် ရှက်ဆောင် အားထုတ် တတ်သောကြောင့် အာယူဟနဋ္ဌိတိ၊ သတ္တဝါအပေါင်းကို ဖွဲ့ချည် တတ်သောကြောင့် သညောဂဋ္ဌိတိ၊ သတ္တဝါတို့၏ ကြောင့်ကြ စိုးရိမ်စရာဖြစ်သောကြောင့် ပလိဗောဓဋ္ဌိတိ၊ ဒုက္ခကို အမြဲဖြစ်စေ တတ်သောကြောင့် သမုဒယဋ္ဌိတိ၊ အဝိဇ္ဇာ အစရှိသည်တို့၏ အကြောင်းနှင့်တကွ ဖြစ်သောကြောင့် ဟေတုဋ္ဌိတိ၊ ပစ္စယဋ္ဌိတိ ဟူ၍ ဥပါဒါနက္ခန္ဓာငါးပါးကို ဋ္ဌိတိ ကိုးပါးဟူ၍ ဟောတော်မူ၏။ ဤဥပါဒါနက္ခန္ဓာ ငါးပါးသည်သာလျှင် ပဋိစ္စသမုပ္ပါဒ- ပဋိစ္စသမုပ္ပန္နဖြစ်၍ ၎င်းတရားစုကို ဓမ္မစကြာ သုတ်တော်၌ သစ္စာလေးပါးဖွဲ့၍ ဟောကြားတော်မူခြင်းဖြစ်၏။

ထို့ကြောင့် ဓမ္မကထိက ဆရာကြီးဦးညွန့်၏ ပညာနေတ္တိ ဝိပဿနာကျမ်း နှင့် ၎င်းကျမ်း၏ အဖွင့်ဖြစ်သော ပဋိစ္စသမုပ္ပါဒကျမ်း ကို မှီလျက် ဤဓမ္မစကြာအဆိ ကို မြန်မာလို သဘောပေါက်အောင် ဆက်လက်ရှင်းလင်း ဘော်ပြပါအံ့။

---

## အယုတ်တရားနှစ်ပါး

(၁) ကာမသုခလ္လိကာနုယောဂ အကျင့်နှင့်
(၂) အတ္တကိလမထာနုယောဂ အကျင့်များ ဖြစ်ကြ၏။

(၁) ကာမသုခလ္လိကာ နုယောဂ အကျင့် ဆိုသည်မှာ- အဆင်း, အသံ, အနံ့, အရသာ, အတွေ့,အတွေး ဟူသော အာရုံ ၆-ပါးတို့အပေါ်၌ လောဘ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ စသော ကိလေသာ အညစ်အကြေးတို့ဖြင့် စွဲလမ်း နှစ်သက်နေသော အကျင့်ကိုဆိုသည်။

မိမိအဇ္ဈတ္တ သန္တာန်၌ ကိလေသာ အညစ်အကြေးတို့သည် (နိစ္စထာဝရ)အမြဲဘမ်း တည်ရှိနေကြသော သဘောတရားများ ဖြစ်ကြသည်ဟု ယူဆသဖြင့် (အနိစ္စ)အမြဲ တည်ရှိမနေသော ကိလေသာ တို့ကို ဆုပ်ကိုင် ဆွဲတွယ်ထားလိုခြင်း၊လက်မလွှတ်လိုခြင်း တည်းဟူသော သဿတဒိဋ္ဌိအယူ အကျင့်ဖြစ်၏၊

ကာမတဏှာ-ယိုထိုဤဤ အလိလိ သော ဝတ္ထုအာရုံ ကာမဂုဏ်တို့ကို စွဲလမ်းနှစ်သက်သောစိတ်,အတ္တဒိဋ္ဌိ၊

ဘဝတဏှာ- ထိုထိုအာရုံ ကာမဂုဏ်တို့ အပေါ်၌ မြင်စိတ်, ကြားစိတ်, နံစိတ်, စားစိတ်, ထိစိတ်,တွေးစိတ်တို့ အသစ်အသစ် ဖြစ်ပေါ်တိုင်း,ဖြစ်ပေါ်တိုင်း သာယာနှစ်သက်ခြင်း, ကျေနပ်

ခြင်း တည်းဟူသော သုခဝေဒနာ, သောမနဿ ဝေဒနာတို့နှင့် ယှဉ်သည့်စိတ်, သဿတဒိဋ္ဌိ။

ထိုကာမတဏှာ ဘဝတဏှာ တည်းဟူသော သာယာခုံမင် တင်ငင်နှင့် စွဲလမ်းနှစ်သက် သဘောကျနေသော စိတ်ဟူသမျှ ဖြစ်ပေါ်တိုင်း,ဖြစ်ပေါ်တိုင်း အတ္တဒိဋ္ဌိ, သဿတဒိဋ္ဌိ ဖြစ်သဖြင့် မိစ္ဆာဒိဋ္ဌိ-မှားသောအယူ အကျင့်ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်

(၁) ဟီနော-မင်္ဂဖိုလ်တို့မှ ယုတ်သောအကျင့်၊
(၂) ဂါမ္မော- ရွာသူ ရွာသားတို့၏ ဥစ္စာဖြစ်သော အကျင့်၊
(၃) ပေါထုဇ္ဇနိကော- ပုထုဇဉ်ကို၏ အလေ့အကျက် ဖြစ်သော အကျင့်၊
(၄) အနရိယော- အရိယာ သူတော်စင်တို့၏ ဥစ္စာ မဟုတ်သော အကျင့်၊
(၅) အနတ္ထသံဟိတော-မင်္ဂဖိုလ် အကျိုး စီးပွားနှင့် မစပ်သောအကျင့်၊

ဟူ၍ လောဘစိတ်ဖြစ်သော အတ္တဒိဋ္ဌိ,သဿတဒိဋ္ဌိအယူကို ကဲ့ရဲ့ ရှုတ်ချတော်မူ၏။

(၂) အတ္တကိလမထာနုယောဂ အကျင့်ဆိုသည်မှာ- ဝိဘဝ တဏှာဖြစ်၏။

ဘဝတဏှာ ဆိုသည်မှာ ထိုထိုဤဤ အသီးသီးသော မြင် စိတ်, ကြားစိတ်, နံစိတ်, စားစိတ်, ထိစိတ်, တွေးစိတ်တို့ အသစ်အသစ် ဖြစ်ပေါ်တိုင်း,ဖြစ်ပေါ်တိုင်း (အနိစ္စ)အမြဲတမ်း

တည်ရှိနေနိုင်သော လောဘ, ဒေါသ, မောဟစသော ကိလေသာ တို့သည် မ်မိအဇ္ဈတ္တ သန္တာန်၌ (နိစ္စထာဝရ) အမြဲတမ်း တည်ရှိ နေကြသည်ဟု ထင်မြင် ယူဆကာ (အနိစ္စ) နဂိုရကအမြဲရှိမနေ သော ကိလေသာတို့ကို မရှိအောင်, ကုန်အောင်, ခန်းအောင် ကြံဆောင် ကြိုးစား နိုင်ထုတ်လိုခြင်း၊ ကိလေသာတို့ အမြဲတမ်း ရှိနေသည်ဟု ထင်မှတ်ကာ မသာယာခြင်း, မကျေနပ်ခြင်းတည်း ဟူသော ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာတို့နှင့်ယှဉ်သောစိတ်ကို ဆိုသည်၊ ကောင်းကောင်း ဘိုးဆိုး အမျိုးမျိုးတို့ကို အားထုတ် ပြုလုပ်ရာ၌ မကျေနပ် မနှစ်သက်သောစိတ်သည် ဥစ္ဆေဒဒိဋ္ဌိအယူ ဖြစ်သဖြင့် မိစ္ဆာဒိဋ္ဌိ မှားသောအယူ, မှားသောအကျင့်သာ ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်

(၁) ဒုက္ခော၊ စက်ဆုပ်ဘွယ် အချိုးနှိုး ဖြစ်သော အကျင့်၊

(၂) အနရိယော၊ အရိယာတို့၏ ဥစ္စာ မဟုတ်သော အကျင့်၊

(၃) အနတ္ထသံဟိတော၊ အကျိုး မရှိသော အကျင့် ဟူ၍ ဒုက္ခဝေဒနာ, ဒေါမနဿဝေဒနာ တည်းဟူ သော ဒေါသစိတ် ဖြစ်သည့် ဥစ္ဆေဒအယူကို ကဲ့ရဲ့ ရှုတ်ချတော်မူ၏။

"လောဘစိတ် ဖြစ်လျှင် မောဟ သဘော ပါဝင်၏။ ဒေါသစိတ် ဖြစ်လျှင်လည်း မောဟ သဘော ပါဝင်၏။ ထို့ကြောင့် ထိုထို ဤဤ အလိလိ အဖန်ဖန် ဥပါဒါန်

> အစွဲနှင့်တကွ ထပ်တလဲလဲ မိနစ်မခြား တဖွာဖွား အသစ်အသစ် ဖြစ်ပေါ်နေသည့် ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်ဟူသမျှသည် သဃာတ ဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ဟူသော အစွန်းနှစ်ခု အယုတ်တရား နှစ်ပါးတို့မှ မလွတ်ကင်းနိုင်ကြသဖြင့် ထိုစိတ်မျိုးထပ်ခါထပ်ခါ ဖြစ်ပေါ်စေသော အကျင့်မျိုးမှန်သမျှကို မြတ်စွာဘုရားကဲ့ရဲ့တော်မူ၏”။

ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော စိတ်များ အသစ်အသစ် မိနစ်မခြား (ဇာတိ) ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း သင်္ခတ ရုပ်နာမ် နှစ်ပါး ဥပါဒါနက္ခန္ဓာ ငါးပါး ဖြစ်တော့၏။ ဤကဲ့သို့ ဥပါဒါနက္ခန္ဓာ ရုပ်နာမ် ဖြစ်ရခြင်းသည် အန္ဓ ပုထုဇဉ်တို့၌ ဖြစ်နေကျ အလေ့အလာ ဓမ္မတာပင် ဖြစ်၏။ ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ၊ တနည်း-သင်္ခတသင်္ခါရ, အဘိသင်္ခတသင်္ခါရ,အဘိသင်္ခရဏ သင်္ခါရ, ပယောဂါဘိသင်္ခါရ စသော တွေးတော ကြံစည် ပြုလုပ် အားထုတ် နှလုံးသွင်းပါမှ ဖြစ်ပေါ်လာရသော ရုပ်နာမ်မျိုး ဖြစ်ကြ၍ သင်္ခတရုပ်နာမ်များဟု မှတ်သားရာ၏။ (သင်္ခတဓမ္မာ) ဖြစ်ကြ၏။

ထို့ကြောင့် မြတ်စွာဘုရားသည်

(ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ) အရိယာသူတော်စင်တို့ အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခ သည်ကား အသစ်အသစ် မိနစ်မခြား ဖြစ်ပေါ်လေ့ရှိသော ဥပါဒါနက္ခန္ဓာ ငါးပါး (ဝါ)သင်္ခတ ရုပ်နာမ် နှစ်ပါးပင်တည်း ဟူ၍ (ဇာတိပိ ဒုက္ခာ) ဟူသော စကားတော်ကို စတင်ဟောကြားတော်မူ၏။

ဤနေရာ၌ ပဋိသန္ဓေ ဇာတိနှင့် တကွ ဝိပါက်ကဋတ္တာ ရုပ်နာမ်တို့သည် ဝိပဿနာ ရှုထိုက်သော ရုပ်နာမ်များ မဟုတ်ကြသဖြင့် အရိယာတို့ သိသင့် သိထိုက်သော ရုပ်နာမ်လည်း မဟုတ်ကြသောကြောင့် ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ အစ ရှိသည်ဖြင့် မယူအပ်ချေ။ ဝိပါက်ကဋတ္တာ ရုပ်နာမ် ဖြစ်သော ဤခန္ဓာကိုယ် အတွင်းဘော ရုပ်နာမ်တို့၏ဇာတိ ဇရာ မရဏသည် ကား လူသာမန် ပုထုဇဉ်တို့ပင်လျှင် မေးလျှင် အိုရမည် သေရမည်ဟု သိကြ၏။ ထို့ကြောင့် ဝိပဿနာအရာ၌ ဥပါဒါနက္ခန္ဓာ၏ ဇာတိ ဇရာ မရဏကိုသာ ယူရမည်။

ဒုက္ခသစ္စာ၌

(၁) ဇာတိပိဒုက္ခ- ကြံစည်ခြင်း, တွေးတောခြင်း, နှလုံး သွင်းခြင်း, မှတ်သားခြင်း, စိတ်ကူးခြင်း, အားထုတ်ခြင်း, တိုက်တွန်းခြင်း, နှိုးဆော်ခြင်း, ပြုလုပ်ခြင်း အမျိုးမျိုးတို့ကြောင့် အစွဲဥပါဒါန်နှင့်တကွ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ် စေတသိက် ရုပ်တို့၏ အသစ်အသစ် မိနစ်တိုင်း မိနစ်တိုင်း ဖြစ်ပေါ်ခြင်း ဇာတိ၊ (ဝါ) တောင်တောင် ညြည အ ယ်လိ အလာလာ ဘာဘာ ညာညာ အစရှိသော အသစ်အသစ် ရုပ်နာမ် နှစ်ပါးတို့၏ တဖွားဖွား ဖြစ်ပေါ်လာခြင်း ဇာတိသည် အရိယာ သူတော်စင်တို့ ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အပ်သော (ဒုက္ခသစ္စာ) ဖြင်၏၊

(၂) ဇရာပိဒုက္ခ- အသစ်အသင် ဖြင်ပေါ်လာသော စိတ် အမျိုးမျိုးတို့ ဖြစ်ပေါ်ပြီးနောက် တည်ယောင်ပေးနေခြင်း ရင့်

ကျက်လာခြင်း သဘောသည် အရိယာတို့ဉာဏ်ဖြင့် သိအပ်သော ဇရာဒုက္ခ ဖြစ်၏။

(၃) ဗျာဓိပိဒုက္ခ- အသစ်အသစ် ဖြစ်ပေါ်လာသော စိတ် အမျိုးမျိုးတို့၏ ဖြစ်ပေါ်ပြီး တည်ယောင်ပေး၊ ထို့နောက်- ပျောက်ခါနီး သဘောသည် အရိယာတို့ဉာဏ်ဖြင့် သိအပ်သော ဗျာဓိဒုက္ခ ဖြစ်၏။

(၄) မရဏမ္ပိဒုက္ခ- အသစ်အသစ် ဖြစ်ပေါ်လာသော စိတ် အမျိုးမျိုးတို့ ဖြစ်ပေါ် တည်ယောင်ပေး, မှေးမှိန်ပြီးနောက် ပျောက်ပျက် ကုန်ဆုံးသွားခြင်းသည် အရိယာတို့ဉာဏ်ဖြင့် အမှန် အတိုင်း မြင်အပ် သိအပ်သော မရဏဒုက္ခ ဖြစ်၏။

(၅) အပ္ပိယေဟိ သမ္ပယောဂဒုက္ခ- ဥပါဒါန်၏ အာရုံ ဖြစ်သော မချစ်မနှစ်သက် အလိုမကျသော ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုတို့နှင့် အတူတကွ နေရ တွေ့ရ မြင်ရ ကြုံရ ဆုံရသော ကြောင့် အသစ် အသစ် ဖြစ်ပေါ်လာသော စိတ်တည်းဟူသော ရုပ်နာမ် နှစ်ပါးသည် အရိယာတို့ ဉာဏ်ဖြင့်သိမြင်အပ်သော အပ္ပိ ယေဟိသမ္ပယောဂဒုက္ခ ဖြစ်၏။

(၆) ပိယေဟိဝိပ္ပယောဂဒုက္ခ-ဥပါဒါန်၏ အာရုံမျှသာ ဖြစ် သော မိမိအလိုကျသော သတ္တဝါ အရာဝတ္ထုတို့နှင့် ကွေကွင်း ရသော အခါ၌ အသစ်အသစ် ဖြစ်ပေါ်လာသော အာရုံ စိတ် သည် အရိယာတို့ ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အပ်သော ပိယေဟိ ဝိပ္ပယောဂ ဒုက္ခ ဖြစ်၏။

(၇) ယံပိစ္ဆံနလဘတိ တံပိ ဒုက္ခ- မိမိ အလိုရှိအပ် နှစ်သက် အပ်သော ဥပါဒါန်၏ အာရုံမျှသာ ဖြစ်သော ဝတ္ထုအာရုံတို့ကို တောင့်တတိုင်း မရသော အခါ၌ ဖြစ်ပေါ်လာရသော သန်တ

စိတ်, ရုပ်နာမ် နှစ်ပါးသည် အရိယာတို့ ဉာဏ်ဖြင့်အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခသစ္စာ ဖြစ်၏။

(ဂ) သံဝိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခ-ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်အပေါင်း ထောင်သောင်းမက ဖြစ်ပေါ်ကြရာ၌ အားလုံးကို စုရုံး၍ အကျဉ်း ချုံးလိုက်သည် ရှိသော် အစွဲဥပါဒါန်၏ အာရုံမျှသာ ဖြစ်သော ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န သမုဒယဓမ္မ, နိရောဓ ဓမ္မ, ရုပ်နာမ် နှစ်ပါး, ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည်သာလျှင် အရိယာအရှင် သူတော်စင် တို့၏ ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခသစ္စာ ဖြစ်၏။

## ဒုက္ခသစ္စံ ပရိညေယျံ(သိ)

ဒုက္ခသစ္စာ ထိုက်သည့် ကြံစည်,စိတ်ကူး, တွေးတော, လှုံ့ ဆော်အားထုတ် ပြုလုပ်၍ ဖြစ်စေ၊အကြောင်း သမုဒယတွေ့ ညီညွတ် တိုက်ဆိုင် ဆုံစည်းကြသော အခါ ဖြစ်စေ အသစ် အသင် ဖြစ်ပေါ်လာရသော ရုပ်နာမ် နှစ်ပါး ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် အမြဲတမ်း တည်ရှိနေကြသော (နိစ္စ) သဘော တရားမျိုး မဟုတ်။ အခိုက်အတန့်မျှသာ ဖြစ်ပေါ်လာသော အမြဲ ရှိမနေသည့်(အနိစ္စ) တရားမျိုးသာ ဖြစ်၏။ ဥပါဒါန်၏ အာရုံမျှသာ ဖြစ်၏။ ထိုကြောင့် (အနိစ္စ) အမြဲ မရှိ၊ တနည်း ကာသမတ်တည်း အမြဲတမ်း တည်ရှိနေသော တရား မဟုတ်ဟု သိမြင်ရာ၏။

ထိုသဲ့တ စိတ်ဟူသော ရုပ်နာမ်သည် အမြဲရှိ, အမြဲတည်နေ သော (နိစ္စ)မျိုး မဟုတ်သဖြင့် အကြောင်းပြည့်စုံ ညီညွတ်သော

အခါ ဖြစ်ပေါ်ပြီးနောက် ပျောက် ပျက် ကုန်ဆုံးသွားရသောကြောင့် စက်ဆုပ်ဘွယ် အချိုးနှိုးသဘောသာလျှင် ဖြစ်၏။ ထိုသဘောကို (ဒုက္ခ) စက်ဆုပ်ဘွယ် အချိုးနှိုး သဘောဟု သိမြင်ရမည်။

ထို့ကြောင့် ''ပဋိစ္စသမုပ္ပန္နံ ဒုက္ခံ ဝုတ္တံ မဟာ'' ဟု နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၌ ဟောတော်မူ၏။

ထိုဥပါဒါန်၏ အာရုံမျှသာ ဖြစ်သော သင်္ခါရရုပ်နာမ်သည် အကြောင်း သမုဒယတွေ ပြည့်စုံ ညီညွတ်ကြသောအခါ မဖြစ်ပေါ်ပါနှင့်ဟု တားမြစ်၍မရဘဲ ဖြစ်ပေါ်၏။ အကြောင်း သမုဒယတွေ မပြည့်စုံလျှင်လည်း ဖြစ်ပေါ်ပါစေဟု တောင့်တ၍ မရဘဲ ချုပ်ဆုံးနေ၏။ ထိုကြောင့် ထိုသင်္ခါရ ရုပ်နာမ် ဖြစ်တိုင်းဖြစ်တိုင်း (အနတ္တ) မိမိ သဘောအတိုင်း မဟုတ်ဟု သိမြင်ရာ၏။

ဤကဲ့သို့ အစွဲဥပါဒါန်နှင့် တကွ ခဏခဏ ဖြစ်ပေါ်လာသော ကျေနပ် မကျေနပ် ယုတ်ယုတ်မြတ်မြတ် ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး အထွေထွေ ရုပ်နာမ်တွေသည် တွေးတောကြံစည် စိတ်ကူး ယုံ့ဆော် အားထုတ် ပြုလုပ် နှလုံးသွင်းလိုသာလျှင် ဖြစ်ပေါ်လာရသော (သင်္ခါရမေ့)မျိုး ဖြစ်ကြ၍ အဘယ်မျှလောက် ကောင်းမွန် မြင့်မြတ်သည်ဟု ဆိုရစေကာမူ စင်စစ် ဒုက္ခသစ္စာသာလျှင် ဖြစ်တော့သည်ဟု ပိုင်းခြားဝေဘန်၍ သိသင့်သိအပ်လှ၏။

ဒုက္ခသစ္စာထိုက်သော လောကီ ကုသိုလ်တရားဟူသမျှသည် အဘယ်မျှလောက်ပင်မွန်မြတ်လှသည်ဟုဆိုရစေကာမူ (သင်္ခါရမေ့) မျိုးဖြစ်၍ အနိစ္စ မေ့မျိုး, ဒုက္ခ မေ့မျိုး, အနတ္တ မေ့မျိုး

အဖိုးမထိုက်သောကြောင့် အရိယာတို့ အလိုရှိအပ်သော (သုခ အစစ်) တရားမျိုးမဟုတ်ချေ။ ထို့ကြောင့် ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်တွေ (ဝါ) ရုပ်နာမ်တွေ ဖြစ်တိုင်း, ဖြစ်တိုင်း (ဒုက္ခသစ္စာ) ဟူ၍ သိပါ။

ထို့ကြောင့် ကိုယ်,နှုတ်,နှလုံးသုံးပါးအနက် တပါးပါးဖြင့် ပြုလုပ်၍ ဖြစ်ပေါ်လာသော ရုပ်နာမ်နှစ်ပါးကို (နာမရူပံ- ဒုက္ခသစ္စံ) ဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူ၏။

ထိုဒုက္ခသစ္စာ ထိုက်သော ကိလေသာနှင့်တကွ မိနစ်မခြား တဖွားဖွား ဖြစ်ပေါ်တတ်သော (သင်္ခတာဓမ္မာ) ဖြစ်သည့် ဥပါဒါနက္ခန္ဓာ ရုပ်နာမ်နှစ်ပါးကို သစ္စဉာဏ်, ကိစ္စဉာဏ်, ကတ ဉာဏ်တို့ဖြင့် သိမြင်အောင် နှလုံးသွင်းရာ၏။ (ဝိပဿနာဉာဏ်, မဂ်ဉာဏ်,ဖိုလ်ဉာဏ်ကို ဆို၏)။

## သမုဒယသစ္စပဟာတဗ္ဗ (ပယ်)

ဒုက္ခသစ္စာကို ဟောတော်မူပြီးနောက် (ဒုက္ခသမုဒယ) ဒုက္ခ ဖြစ်ကြောင်းတရား (ဝါ) ဒုက္ခဟု ဆိုအပ်သော စိတ်အမျိုးမျိုး ဖြစ်ကြောင်းတရားကို ဟောကြားတော်မူ၏။

(ဒုက္ခသမုဒယ) ဆိုသည်ကား ကပ်ငြိစွဲလမ်း နှစ်သက်တတ် သော သဘောတရားပင်ဖြစ်၏။ ကြိုက်စိတ်ဖြစ်၏။

(ဒုက္ခ) ဟူသော ရုပ်နာမ်နှစ်ပါး ဥပါဒါနက္ခန္ဓာငါးပါး (ဝါ) စိတ် အသစ်အသစ်ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း နှစ်သက် ၏၊ တွယ်တာ၏၊ ကပ်ငြိစွဲလမ်း၏၊ သာယာ၏၊ ဤသို့ သာယာ နှစ်သက် စွဲမက်လျက်ရှိသော ဥပါဒါန်၏ အာရုံမျှသာ ဖြစ်သည့်

ရုပ်နာမ်နှစ်ပါးပျောက်ကွယ်ချုပ်ဆုံးသွားရင်း အမြဲ(နိစ္စ)တည်ရှိနေသော သဘောတရားဟုယူဆကာ ထပ်တလဲဲ အားထုတ်ပြန်ရင်းဖြစ်တော့၏။ (အနိစ္စ)အမြဲတမ်း တည်ရှိနေသော သဘောတရား မဟုတ်ပါတကားဟု မသိမမြင်နိုင်ချေ။ (အနိစ္စ) မျိုးဖြစ်သည်ကို (နိစ္စ)မျိုးဖြစ်သည်ဟု ယူဆကာ တွယ်တာ သာယာသော စိတ်ဖြစ်၏။ ကာမတဏှာ, ဘဝတဏှာဟူသော အတ္တဒိဋ္ဌိ-သဿတဒိဋ္ဌိ အယူဖြစ်တော့၏။

တဖန် သင်္ခါရသုံးမျိုး,သင်္ခါရလေးမျိုး အနက်တမျိုးမျိုးဖြင့် ဖြစ်ပေါ်လာသော ဥပါဒါန်၏ အာရုံဖြစ်သည့် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးအပေါ်၌ (အနိစ္စ) အမြဲတမ်းရှိနေသော သဘောတရား မဟုတ်ကြောင်းကို မသိမမြင်ဘဲ (နိစ္စ) အမြဲရှိနေသော သဘောတရားမျိုးဟု တလွဲယူဆကာ မသာယာခြင်း, မုန်းတီးခြင်း,လွှတ်လိုခြင်း,မကျေနပ်ခြင်း ဖြစ်ပြန်၏။ထိုအခါ ဥစ္ဆေဒဒိဋ္ဌိ အယူ ဖြစ်တော့၏။

ဤကဲ့သို့ သဿတဒိဋ္ဌိ ဖြစ်လိုက်, ဥစ္ဆေဒဒိဋ္ဌိ ဖြစ်လိုက်နှင့် မြစ်ရေအယဉ်, ဆုံလည်နွားပမာ, ခုတမျိုး, ခုတမျိုး ရုပ်နာမ်နှစ်ပါး အသစ်အသစ် ဖြစ်ပေါ်နေခြင်းကိုပင်လျှင် သံသရာဟူ၍၎င်း၊ လောကဟူ၍၎င်း ဟောတော်မူ၏။ ထိုသံသရာ, ထိုလောကဟူသော ဥပါဒါနက္ခန္ဓာ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ပေါ်ခြင်း ဇာတိ, တည်ယောင်ပေးခြင်း ဇရာ,ပျောက်ဆုံးခြင်း မရဏသည်သာလျှင် အရိယာတို့ ဉာဏ်ဖြင့် သိမြင်အပ်သော ဇာတိ ဇရာ မရဏဖြစ်၏။

ထိုသံသရာဟူသော ဥပါဒါနက္ခန္ဓာ ရုပ်နာမ်နှစ်ပါးတို့ ဘပ်တလဲလဲ ဖြစ်ပေါ်ရခြင်းသည် ထိုထို-ဤဤ အသီသီ အလာလာ

ဘာဘာညာညာ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးပြုလုပ်တတ်သော, တွေးတောတတ်သော, ဆောဘန်တတ်သော, စဉ်းစားတတ်သော, နှလုံးသွင်းတတ်သော စိတ်ရိုင်း စိတ်မိုက်ကြောင့်ပင်ဖြစ်၏။ ထိုစိတ်ကို (မာယူပမဥ္စ ဝိညာဏံ)ဟူ၍ မျက်လှည့်ဆရာကြီးနှင့်တူကြောင်းကို ဟောတော်မူ၏။နာမ်လိမ်,နာမ်မှား မစင်ကြယ်သော အသုဒ္ဓစိတ်, ဖောက်ပြန်သော ဝိကတိစိတ်ပင်ဖြစ်၏။

ထို အသစ်အသစ် ဖြစ်ပေါ်သော နာမ်ရုပ်နှစ်ပါးတည်းဟူသောစိတ်(ဒုက္ခ)နှင့် ဆက်ဆံ၍ အတူတကွ ဖြစ်ပေါ်သော စေတသိက်တည်းဟူသော (သမုဒယ)ကို (ဒုက္ခ-သမုဒယ) ဒုက္ခဖြစ်ကြောင်းဟူ၍ ခေါ်ဆို၏။

ထိုစိတ်ကို (ဝိညာဏံ သမုဒယသစ္စံ)ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူ၏။

ထိုမနောဝိညာဏ်ဟူသော နာမ်လိမ် နာမ်မိုက်သည် လုပ်သမျှ ဒုက္ခဟူ၍၎င်း,ဖြစ်သမျှ ဒုက္ခဟူ၍၎င်း မသိ-မမြင်နိုင်သော စိတ်ပင်ဖြစ်၏။ ထိုစိတ်သည် ပယ်အပ်သော (ပဟာတဗ္ဗ)တရားမျိုး ဖြစ်၏။ (အနိစ္စ) အမြဲတမ်း တည်ရှိနေသော တရားမျိုး မဟုတ်ကြောင်းကိုလည်း ကောင်းကောင်းကြီး မှတ်သားသိမြင်ရာ၏ (အနိစ္စ) အမြဲတမ်းမရှိသော တရားကို မိမိအတွင်းသန္တာန်၌ (နိစ္စ) အမြဲတမ်း တည်ရှိနေသည်ဟု ပုထုဇဉ်တို့က ထင်မြင် ယူဆနေကြသဖြင့် အမှားကြီး မှားလျက် နေကြ၏။ (သဒ္ဓါတမ္မ)မျိုးပင်ဖြစ်၏။

## နိရောဓသစ္စာသစ္ဆိကာဘဗ္ဗ(ဆိုက်)

(ဒုက္ခ)နှင့်(ဒုက္ခသမုဒယ)ကို ဟောပြီးနောက်(ဒုက္ခနိရောဓ) ကို နိရောဓသစ္စာဟူ၍ ဟောတော်မူ၏။

နိရောဓသစ္စာ ဆိုသည်မှာ ကြံစည် တွေးတော အားထုတ် ပြုလုပ်၍ အသစ်အသစ် ဖြစ်ပေါ်လာသော စိတ်,စေတသိက် ရုပ်ဟူသော ဥပါဒါနက္ခန္ဓာ ရုပ်နာမ် နှစ်ပါး မဖြစ်ပေါ်မီ, မပေါ်ပေါက်မီကဖြစ်စေ,ပေါ်ပေါက်ပြီးနောက်ဖြစ်စေ(ဒုက္ခ) ဟူသော ရုပ်နာမ် နှစ်ပါးနှင့် (ဒုက္ခသမုဒယ) တည်းဟူသော လောဘနာမ်လိမ်, နာမ်မှားတို့၏ ချုပ်ရာ, ငြိမ်းရာ, အေးရာ ဖြစ်သော သဘောတရား အမှန်ရှိနေခြင်း, အမြဲတမ်း (နိစ္စ) တည်ရှိနေခြင်းကို ဆိုသည်။ ဤကဲ့သို့ ဒုက္ခ၏ချုပ်ရာ ကင်းရာ သဘော ဖြစ်သောကြောင့် (ဒုက္ခနိရောဓ)ဟူ၍ ဟောတော်မူ၏။ သင်္ခတဓမ္မ ဖြစ်သော ရုပ်နာမ် နှစ်ပါးတို့ အသစ် အသစ် မဖြစ်ပေါ်မီဖြစ်စေ ဖြစ်ပေါ် ပျောက်ဆုံးပြီးနောက် ဖြစ်စေ သူ့ဟာသူ မပြုမပြင် မစီရင်ရဘဲနှင့် နိစ္စထာဝရ အမြဲတည်ရှိနေ သော (အသင်္ခတဓမ္မ) ဖြစ်၏။

ထို(ဒုက္ခနိရောဓ) ဟူသော (အသင်္ခတဓမ္မ) သည်သာလျှင် အရိယာတို့၏ ဉာဏ်ဖြင့် မြင်အပ် သိအပ်, မျက်မှောက်ပြုအပ် သော (သစ္ဆိကာတဗ္ဗ)တရားဖြစ်၏။

ထို (အသင်္ခတဓမ္မ) သည် ဒုက္ခနှင့် ဒုက္ခသမုဒယ ဟူသော ဥပါဒါနက္ခန္ဓာ ရုပ်နာမ် နှစ်ပါးတို့မှ ကင်းလွတ်ရာ ကုန်ရာဖြစ် သောကြောင့် (နိဿရဏ) လည်း မည်၏။ ထိုရုပ်နာမ် နှစ်ပါး ကဲ့သို့ အပြစ်မျိုးမဟုတ်ဘဲ အဖြစ် ကင်းနေသောကြောင့်

(အဇာတ, အဘူတ)လည်း မည်၏။ ပြုပြင် စီရင်ပါမှ ဖြစ်ပေါ်လာရသော သင်္ခတ ရုပ် နာမ် နှစ်ပါးမျိုး မဟုတ်သောကြောင့် (အကတ, အသင်္ခတ)လည်း မည်၏။ သင်္ခတ ရုပ်နာမ်များ ဖြစ်ပေါ်သည်ဖြစ်စေ, မဖြစ်ပေါ်သည်ဖြစ်စေ အခါခပ်သိမ်း အမြဲ တည်ရှိနေသော သဘောတရား ဖြစ်သောကြောင့် (နိစ္စ, ဓုဝ, သဿတ, အဝိပရိဏာမ)ဟူ၍လည်း ဟောတော်မူ၏။

ထို့ကြောင့် ဒုက္ခ နှင့် ဒုက္ခသမုဒယ နှစ်မျိုးတို့မှ လွတ်ကင်းနေသော သူ့အလိုလိုအေးငြိမ်း, ငြိမ်းငြိမ်း, ချုပ်ငြိမ်းသဘောကို (ဥဘိန္နံ နိဿရဏံ နိရောဓသစ္စံ)ဟူ၍ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူ၏။

ထို ဒုက္ခနိရောဓကို သစ္ဆိကာတဗ္ဗ- မျက်မှောက်ပြုရမည်ဟု ဟောတော်မူသည့်အတိုင်း အရိယာတို့သည် သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်၊ တနည်း ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြု၍ နေကြကုန်၏။

ထိုဒုက္ခနိရောဓဟူသော နိရောဓသစ္စာ အသင်္ခတဓာတ်နိဗ္ဗာန်မြတ်သည်....

အနာရမ္မဏာ မေဓော် ဓေသဝန္တော ဒုက္ခဿာဝတိ။

အနာရမ္မဏံ ဝေ၊ အာရုံကို မပြုတတ်သော နာမ်တမျိုးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တဒါပယာတန်၊ ထိုမဂ် ဖိုလ်တို့၏ အာရုံ အကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ဧသေဝ-ဧသော ဧဝ အသင်္ခတဓာတု၊ ထို အသင်္ခတဓာတ် နိဗ္ဗာန်သည်သာလျှင်။ ဒုက္ခဿ၊ အသင် အသင် ဖြစ်ပေါ်လေ့ ရှိသော ဥပါဒါနက္ခန္ဓာ ရုပ်နာမ် နှစ်ပါးတို့၏။

အန္တော၊ဆုံးရာသည်။ ဟောတိ၊ဖြစ်၏-ဟူ၍ ဥဒါန်းပါဠိတော်၌ ဟောတော်မူ၏။ ( ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်တို့၏ချုပ်ငြိမ်းရာ, လွတ်ကင်းရာ သဘောဟုမှတ်)။

## မဂ္ဂသစ္စံ ဘာဝေတဗ္ဗံ (ပွား)

ဒုက္ခနိရောဓ ကို ဟောပြီးနောက် (ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ)ဟူသော မဂ္ဂသစ္စာကို ဟောကြားတော်မူ၏။

မဂ္ဂသစ္စာဆိုသည်မှာ အသစ်အသင် ဖြစ်ပေါ်သော ရုပ်နာမ် နှစ်ပါးမဖြစ်ပေါ်မီ ဇာတ, ဘူတ, ကတ, သင်္ခတ မျိုးတည်း ဟူသော လောကီစိတ်(ဒုက္ခသစ္စာ) မဖြစ်ပေါ်မီ မိမိအလိုလို ပကတိသဘောအားဖြင့် ငြိမ်အေး ငြိမ်သက် တည်ကြည်လျက် အမြဲတမ်းတည်ရှိနေသော နိဗ္ဗာနဓာတ်တည်းဟူသော အသင်္ခတ ဓာတ်ကို မျက်မှောက်ပြုလျက်နေသောအကျင့်,အာရုံပြုနေသော အကျင့်, အလိုလိုသိမြင်နေသောအကျင့်, အသာနေတတ်အောင် နေသော အကျင့်ကို မဂ္ဂသစ္စာဟူ၍ ဟောတော်မူ၏။

ထို ဒုက္ခနိရောဓ တည်းဟူသော အသင်္ခတနိဗ္ဗာန်ကို အမှန် အတိုင်း သိမြင်အောင်, ထိုးထွင်း သိမြင်အောင် အသိပိုင်နိုင် အောင်, မိမိဉာဏ်၌ အမြဲတည်နေအောင် ထပ်ကာ ထပ်ကာ ပွားများအားထုတ်ခြင်း (ဘာဝေတဗ္ဗ) အလုပ်သည်သာလျှင် မဇ္ဈိမပဋိပဒါအကျင့်၊ လောဘဟူသော သဿတဒိဋ္ဌိနှင့်ဒေါသ ဟူသော ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော အယုတ်တရား အစွန်း နှစ်ပါး တို့မှ လွတ်ကင်းသော အကျင့်ဖြစ်၏၊ ဤကဲ့သို့ အာဘတ-နိစ္စ သူ့ဘာသာသူ အလိုလို အေးပြီး, ငြိမ်းပြီး, ချုပ်ပြီး ဖြစ်၍ အမြဲတမ်း တည်ရှိနေသော နိဗ္ဗာန်ကို မျက်မှောက် ပြုလျက်

နေခြင်းအားဖြင့် မဂ်အင်္ဂါ ဖာစိတ်အပိုင်း ရှစ်ခုစလုံး တနည်း သီလ,သမာဓိ,ပညာ သုံးပါးစလုံး ပါဝင်နေတော့၏။ မိစ္ဆာမဂ္ဂင် ကို အလိုလို ပယ်ပြီးသား ဖြစ်လျက်နေတော့၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌-

နာမရူပံ ဒုက္ခသစ္စံ၊
ဝိညာဏံ သမုဒယသစ္စံ၊
ဥဘိန္နံ နိဿရဏံ နိရောဓသစ္စံ၊
နိရောဓ ပဇာနနံ မဂ္ဂသစ္စံ။

‘‘နိရောဓပဇာနနံ၊ ထိုဒုက္ခနိရောဓဟူသော အသင်္ခတနိဗ္ဗာန် ကို သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်တို့ဖြင့် သိမြင် မျက်မှောက် ပြုခြင်းသည်။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာ မည်၏’’ဟူ၍ ဟောတော်မူ၏။

ဤကဲ့သို့ ဒုက္ခနိရောဓ တည်းဟူသော နိဗ္ဗာန်ကို မျက်မှောက် ပြုနေသော အကျင့်, ဤလို အားထုတ်ခြင်းမျိုးသည်သာလျှင် ယထာဘူတ ကျနမှန်ကန်သော မဇ္ဈိမပဋိပဒါ အကျင့်ဖြစ်သော ကြောင့် (အသင်္ခတ ဂါမိမဂ္ဂေါ အယံ ဝိပဿနာ)ဟူ၍ ဟော တော်မူ၏။

(အသင်္ခတဂါမိမဂ္ဂေါ အယံဝိပဿနာ) နှင့် (ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ)ဟူသော ပုဒ်နှစ်ပုဒ်သည် အမည်ကွဲ သဘောတူ ဖြစ်၏။ ထို့ကြောင့် သင်္ခတဂါမိမဂ္ဂေါနှင့် ဒုက္ခဂါမိနီ ပဋိပဒါ ဟူသော ဥပါဒါနက္ခန္ဓာ ရုပ်နာမ်နှစ်ပါး။ ဝါ-၂၈-ပါးသော ကံတရားတို့ ကပ်တလဲလဲ အသစ်အသစ် ဖြစ်စေတတ်သော ကာမသုခလ္လိက အကျင့် နှင့် အတ္တကိလမထ အကျင့်တို့မှ လွန်မြောက်သော မဂ်ကုသိုလ် အကျင့်ကိုသာလျှင် ကိုယ်ပိုင်

ဉာဏ်ဖြင့် ဆင်ခြင် စဉ်းစား ဆုံးဖြတ်၍ ကျင့်ကြံသင့်ကြပေ၏။ သင်္ခါတလမ်းကို လိုက်နေလျှင် လိုက်လို့မဆုံး လျှောက်လို မဆုံး လျှောက်လေ သင်္ခါ ရုပ်နာမ်တွေ ဖြစ်လေ, လိုက်လေ လောကီ စိတ်တွေ ဖြစ်လေ ဖြစ်တော့၏။ အသင်္ခါကို မျက်မှောက်ပြု၍ အေးအေး အသာကလေး နေတတ်လျှင် လမ်းဆုံး၏။

ဤကဲ့သို့ ပွားအပ်သော မဂ်ဉာဏ်ကို ရအောင်လည်း ဒုက္ခ သစ္စာကို အသိပိုင်နိုင်အောင် ဆရာကောင်းများထံ၌ ဝိပဿနာ ပညာကို သင်ယူနာကြား အားထုတ်ရာ၏။ ထို့ကြောင့်ဒုက္ခသစ္စာ ကို ရှေးဦးစွာ ဟောကြားတော်မူပေ၏။

သိ-ပယ်-ဆိုက်-ပွါး

သစ္စာလေးပါး၌(အဘိညာပရိညေယျ) တရား၊(အဘိညာ ပဟာတဗ္ဗ) တရား၊ (ပရိညေယျ) တရား၊ (ဘာဝေတဗ္ဗ)တရား ဟူ၍ လေးပါးရှိရာ-

၁။ ဒုက္ခဟူသော ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ် အသစ်အသစ် ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်နှစ်ပါး သင်္ခါရ တရား ဒုက္ခသစ္စာ ဟူ၍ ပိုင်းခြား သိမြင်ရာ၏။ (အဘိညာ ပရိညေယျ)။

၂။ စိတ်အသစ် ဖြစ်တိုင်းဖြစ်တိုင်း ဒုက္ခဟူ၍မသိခြင်းတည်း ဟူသော အဝိဇ္ဇာ သမုဒယသစ္စာကို ပယ်နိုင်အောင်လည်း တကယ် သိမြင်ရာ၏။(အဘိညာ ပဟာတဗ္ဗ)။

၃။ စိတ် အသစ်အသစ် မဖြစ်ပေါ်မီ(ဝါ)စိတ်တခုနှင့် တခု ကြား, ကြား၌ သူ့အလိုလို အေးငြိမ်းသော သဘော၊တနည်း- ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့မှ လွတ်ကင်းနေသော သဘော

နိရောဓသစ္စာကို မျက်မှောက် ပြုရာ၏။ (သစ္ဆိကာတဗ္ဗ (ဝါ) ပရိညေယျ)။

၄။ ဤကဲ့သို့ သူ့အလိုလို အေးရာ ငြိမ်းရာသဘော နိရောဓ သစ္စာကို ထိုးထွင်း၍ သိမြင်နေခြင်း အကျင့်ကို ပွားများရာ၏။ (ဘာဝေတဗ္ဗ)။

ထိုကြောင့် "သိ-ပယ်-ဆိုက်-ပွား" ဆိုသည်မှာ သူ့ဘာသာ သူ အေးရာ, ချုပ်ရာ,ငြိမ်းရာ သဘောကို ဆိုက် သောအကျင့်ကို ပွား ရမည် ဖြစ်သည်။ သိ နှင့် ပယ် တရားကို ပွား ရမည်မဟုတ်။ ဆိုက် တရားကိုသာ ပွား ရမည်ဟု အသေအချာ မှတ်သားရာ၏။ ဆိုက် တရားကို ပွား နိုင်အောင်လည်း သိ တရားကို အထူး သဖြင့် သင်ယူနာကြား အားထုတ်ရာ၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌....

၁။ သင်္ခါရ ဒုက္ခသစ္စံ၊
၂။ အဝိဇ္ဇာ သမုဒယသစ္စံ၊
၃။ ဥဘိန္နံ နိဿရဏံ နိရောဓသစ္စံ၊
၄။ နိရောဓပဇာနနံ မဂ္ဂသစ္စံ၊

ဟူ၍ ဟောကြားတော်မူသည့်အပြင် မူလပဏ္ဏာသ ပါဠိတော်၌ လည်း....

၁။ ပညာ ဘာဝေတဗ္ဗာ၊
၂။ ဝိညာဏံ ပရိညေယျံ၊
၃။ ပဥ္စုပါဒါနက္ခန္ဓာ အဘိညာ ပရိညေယျာ၊
၄။ အဝိဇ္ဇာစ တဏှာစ အဘိညာ ပဟာတဗ္ဗာ၊

ဟူ၍ဟောကြားတော်မူပြန်၏။

ဤ မူလပဏ္ဏာသ ပါဠိတော်အလိုမှာ....

၁။ ဝိပဿနာပညာ မဂ်ပညာကို ပွားများရမည်။ မည်ကဲ့သို့ ပွားများရမည်နည်း ဆိုလျှင် စိတ် အသစ်အသစ် ဖြစ်သော ဥပါဒါနက္ခန္ဓာ ငါးပါး မဖြစ်ပေါ်မီက ဖြစ်စေ၊ ဖြစ်ပေါ် ပျောက်ဆုံးပြီးနောက် ဖြစ်စေ,သူ့ အလိုလို ချုပ်ရာငြိမ်းရာ ရှိကြောင်းကို သိမြင်နေရမည်ဟူ၍ (ပညာဘာဝေတဗ္ဗာ) ဟု မိန့်တော်မူသည်။

၂။ ထို့ကြောင့် (ပညာ ဘာဝေတဗ္ဗာ) ဟူ၍ မဂ္ဂသစ္စာကို ရှေးဦးစွာ ဟောပြီးနောက် (ဝိညာဏံ ပရိညေယျံ)ဟူ၍ သူ့ အလိုလို အေးမြ ကြည်လင် ဖြူစင်နေသော ပကတိစိတ်တည်း ဟူသော နိရောဓသစ္စာကို ဒုတိယ ဟောတော်မူ၏။ ဥပါဒ် ၄ဲ ဘင်ချုပ်သော စိတ်ဝိညာဏ်တည်း။

ထို့နောက် သူ့ အလိုလိုနဂိုပကတိက အေးမြကြည်လင် ဖြူစင်နေသော စိတ် အမြဲ ရှိနေသော်လည်း အာဂန္တု ဧည့်သည်တို့နှင့် တူသော ကိလေသာတို့နှင့် တကွဖြစ်သော စိတ်အမျိုးမျိုး ဖြစ်ပေါ်လာကြသဖြင့် (ပဥ္စုပါဒါနက္ခန္ဓာ အဘိညာ ပရိညေယျာ) ဟူ၍ ဒုက္ခသစ္စာကို ဟောတော်မူ၏။

၃။ ဒုက္ခသစ္စာဟူသော ကောင်းကောင်းဆိုးဆိုး အမျိုးမျိုး သောစိတ်တွေ ဖြစ်ပေါ်ရခြင်းသည်လည်း မသိမှု, ငြိမှု, စွဲလမ်းမှု, အားထုတ်မှု, ပုပြင်မှု ဟူသော သဘော တရားတို့ကြောင့် ဖြစ်ပေါ်လာရသဖြင့်(အဝိဇ္ဇာစတဏှာစ အဘိညာ ပဟာတဗ္ဗာ) ဟူ၍ သမုဒယသစ္စာကို ဟောတော်မူ၏။

မူလပဏ္ဏာသ ပါဠိတော်၌ ဟောတော်မူသော "ဝိညာဏံ ပရိညေယျံ" ဟူသော စိတ်ဝိညာဏ်သည် နိရောဓသစ္စာ ဖြစ်

သဖြင့် ဖလူပစာ နည်းအားဖြင့် နိဗ္ဗာန်ဖြစ်၏။ (သစ္ဆိကာတဗ္ဗ) တရား ဖြစ်၏။ မဂ်စိတ်ဖိုလ်စိတ်ကို ဆိုတော်မူ၏။ ထိုစိတ်ထူး စိတ်မြတ်ကို အပိုင်သိမြင်အောင် အားထုတ်ရာ၏။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောတော်မူသော "ဝိညာဏံ သမုဒယသစ္စံ" "အဝိဇ္ဇာ သမုဒယသစ္စံ" ဟူသော အဝိဇ္ဇာ အာသဝနှင့်တကွဖြစ်သော စိတ်ဝိညာဏ်သည် သမုဒယသစ္စာ ဖြစ်သဖြင့် ကောင်း၊မကောင်း ပြုလုပ်တတ်သော စိတ်ဝိညာဏ် ဖြစ်၏။ (ပဟာတဗ္ဗ) တရားဖြစ်၏။ ဥပါဒ် ဌီ ဘင်မရှိ၊ ဓမ္မာရုံ သက်သက်မျှ ဖြစ်၏။

ထို့ကြောင့်- သူ့အလိုလို နဂိုအတိုင်း အေးနေသော ပကတိ စိတ်နှင့် ဘောက်ပြန်နေသော ဝိကတိစိတ် နှစ်မျိုး ရှိကြောင်းကို ခွဲခြား၍ မှတ်သားရာ၏။ ပြဟ္မနိမန္တနသုတ်၌ ပကတိစိတ်ကို "ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ" ဟူ၍ရှင်း၊

ဥပရိပဏ္ဏာသ ပါဠိတော်၌-

အထာပရံ ဝိညာဏံယေဝ အဝသိဿတိ ပရိသုဒ္ဓံ ပရိယောဒါတံ-

ဟူ၍ရှင်း။

အထာပရံ ဥပေက္ခာယေဝ အဝသိဿတိ ပရိသုဒ္ဓါ ပရိယောဒါတာ မုဒုစ ကမ္မညာစ ပဘဿရာစ။

ဟူ၍ရှင်း။

ပဋိသမ္ဘိဒါမ ပါဠိတော်၌-

ပကတိပရိသုဒ္ဓမိဒံ စိတ္တံ ပဘဿရံ။

ဟူ၍ရှင်းဟောကြားတော်မူသဖြင့်ဥဒါန်းပါဠိတော်၌-

"အနာရမ္မဏ မေဝေတံ ဧသေဝန္တော ဒုက္ခဿာတိ"ဟူ၍ ဖလူပစာရနည်းအားဖြင့် ဟောတော်မူသော နိဗ္ဗာန်နာမ် နိဗ္ဗာန်စိတ် ဖြစ်ကြောင်းကို ကောင်းစွာ သိမြင်ကြရာ၏။

(အကျယ်ကို သာသနမှုခ ဒီပနီ၌ ကြည့်ရှုကြပါကုန်)။

## နိဗ္ဗာန် ဘယ်မှာလဲ

နိဗ္ဗာန်ဆိုတာ မြို့ကြီး ပြကြီးနှင့်လိုလို တသီးတခြား တခမ်းတနား တည်ရှိနေသလိုလိုနှင့် နိဗ္ဗာန်ကို ရပါလို၏, ရောက်ရပါလို၏ စသည်ဖြင့် ဆုတောင်းနေကြ၏။ မိမိကိုယ်ထဲ၌ နိဗ္ဗာန်ရှိကြောင်းကို မည်သည့် အနွပုထုဇဉ်မျှ မသိမမြင်နိုင်ချေ။ ကိုယ်ထဲက နိဗ္ဗာန်ကိုသိပါမှ အသင့်တနိဗ္ဗာန်ကိုသိမြင်နိုင်၏။

အပိစာဟံ အာဝုသော ဗျာမမတ္တေ ကဠေဝရေ သသညိမှိ သမနကေ-

၁။ လောကဉ္စ ပညပေမိ၊

၂။ လောက သမုဒယဉ္စ၊

၃။ လောက နိရောဓဉ္စ၊

၄။ လောကနိရောဓဂါမိနဉ္စ ပဋိပဒံ၊

ဟူ၍ မြတ်စွာဘုရားကိုယ်တော်တိုင် ရောဟိတ နတ်သားကို ဟောကြားတော်မူ၏။

အနက်ကား။ ။အာဝုသော၊ ရောဟိတ နတ်သား၊ အပိစ၊ စင်စစ်သော်ကား။ အဟံ၊ ငါဘုရားသည်။ ဗျာမမတ္တေ၊ တလံမျှလောက်သော။ ဣမသ္မိံ ယေဝ ကဠေဝရေ၊ ဤအကောင် အတ္တဘော၌သာလျှင်။သသညိမှိ၊ သညာအမှတ်နှင့် တကွ။သမနကေ၊ အသိစိတ်နှင့်တကွ။

၁။ လောကဥ္စ၊ (ဒုက္ခ)ဟူသော လောကကိုလည်း။ ပညာပေမိ၊ ပညတ်တော်မူ၏။

၂။ လောကသမုဒယဥ္စ၊(ဒုက္ခသမုဒယ)ဟူသော လောက၏ အကြောင်း သမုဒယကိုလည်း။ ပညပေမိ၊ ပညတ်တော်မူ၏။

၃။ လောကနိရောဓဥ္စ၊ (ဒုက္ခနိရောဓ) ဟူသော နိဗ္ဗာန်ကိုလည်း။ ပညပေမိ၊ ပညတ်တော်မူ၏။

၄။ လောက နိရောဓ ဂါမိနိဥ္စ ပဋိပဒံ၊ (ဒုက္ခနိရောဓဂါမိနိ ပဋိပဒါ)ဟူသော နိဗ္ဗာန်ကို သိမြင်သော မဂ်အကျင့်ကိုလည်း။ ပညပေမိ၊ ပညတ်တော်မူ၏။

ဤသို့ ဟောတော်မူသည့်အတိုင်း ဤခန္ဓာကိုယ် အတ္တဘော၌ပင်လျှင် မဂ်ကိစ္စ ၄-ချက်စလုံးရှိနေကြောင်းထင်ရှားလှပေ၏။

(၁) လောကဥ္စပညပေမိ- ဟူသောပုဒ်ဖြင့် အတ္တဘော၌ ကောင်းကောင်းဆိုးဆိုး စိတ်အမျိုးမျိုး ဖြစ်တိုင်း ဒုက္ခသစ္စာကို ပိုင်းခြား၍သိမြင်သော မဂ်ကိစ္စကိုရ၏။

(၂) လောကသမုဒယဥ္စ-ဟူသောပုဒ်ဖြင့် ဤအတ္တဘော၌ ကံ, ကိလေသာနှင့်တကွ ဖြစ်သော စိတ်အမျိုးမျိုးကို ပယ်သော မဂ်ကိစ္စကိုရ၏။

(၃) လောကနိရောဓဥ္စ- ဟူသောပုဒ်ဖြင့် ဤအတ္တဘော၌ ဘာစိတ်မျှမဖြစ်ဘဲ ချုပ်နေသောနိရောဓသစ္စာ-နိဗ္ဗာန်ကို မျက်မှောက်ပြုသော မဂ်ကိစ္စကိုရ၏။

(၄) လောကနိရောဓ ဂါမိနိဥ္စ ပဋိပဒံ-ဟူသော ပုဒ်ဖြင့် ဤအတ္တဘော၌ မဂ္ဂသစ္စာကို ပွားများသော မဂ်ကိစ္စကို ရ၏။

ဤကဲ့သို့ မဂ်ကိစ္စလေးချက် ဤခန္ဓာအတ္တဘော၌ တပြိုင်နက် ဖြစ်သည်ကို မဂ်စိတ္တုပ္ပါဒ် ဇောတ္တာယမဂ္ဂသမင်္ဂီ အရိယာပုဂ္ဂိုလ်ဟု ခေါ်ဆို၏။

ထို့ကြောင့် ကိလေသ အဘာဝကို မဂ်ဟုဆိုအပ်၏။ ကမ္မ အဘာဝကို မဂ်စေတနာဟုယူအပ်၏။

ကမ္မက္ခယာယ သံဝတ္တတိ စတုမဂ္ဂစေတနာ-ဟု မိန့်ဆိုသဖြင့် ဒုက္ခ အဘာဝသည် နိဗ္ဗာန်ဖြစ်၏၊

ဘဝနိရောဓော နိဗ္ဗာနံဟူ၍လည်း မိန့်ဆိုသဖြင့် အသစ်အသစ် ဖြစ်ထိုက်သည့် ကောင်းကောင်းဆိုးဆိုး စိတ်အမျိုးမျိုးမဖြစ် ပေါ်ဘဲ ချုပ်နေခြင်းသည် နိဗ္ဗာန်ဖြစ်၏။ ကောင်း,မကောင်း စေတနာ ကံမဖြစ်ဟူလို။ (ပလ္လူပစာရနည်း)။

သန္တိကေ နဝိဇာနန္တိ၊ မဂ္ဂါမမ္မဿ အကောဝိဒါ။

ဓမ္မဿ၊ အဟုတ်၌ တကယ်ရှိသော ပရမတ္ထ တရားတည်းဟူ သော သစ္စာတရား၌။ အကောဝိဒါ၊ မလိမ္မာ ကုန်သော၊ မဂ္ဂါ၊ ပုထုဇဉ် လူပြိန်းတို့သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်တရားကို။ သန္တိကေ၊ ကိုယ့်အနားတွင် နီးကပ်လျက်နှင့်။ နဝိဇာနန္တိ၊ မသိနိုင်ကြကုန်။

ကာမစ္ဆန္ဒာ နပဿန္တိ၊
နိဗ္ဗာနံ ကာမမန္ဒရေ။
ပဿန္တိ ဂေဟာအန္တံ၊
တသ္မာအန္ဓံ ဝိကောပယေ။

သဒ္ဓါဿတန သံယုတ်ပါဠိတော်။

ကာမစ္ဆန္ဒာ၊ ဝတ္ထု ကာမဂုဏ်, ကိလေသာ ကာမဂုဏ်တို့ သည် ကွယ်ကာ ဖုံးထားအပ်သည်ဖြစ်၍။ (ဝါ) ကွယ်ကာ

ဖုံးတားသောကြောင့်။ ကာမမန္တရေ'ကာမဂုဏ် တို့၏အကြား၌။ (ဝါ) ကာမဂုဏ်တို့၏ အလယ်၌၊ နိဗ္ဗာန်၊ နိဗ္ဗာန်တရားကို။ နပဿန္တိ၊ မမြင်နိုင်ကြကုန်။ ဟိ၊ အကယ်မလွဲသဖြင့်။ တံ၊ ထို ကာမဂုဏ်တို့၏ အကြား ကိုယ့်အနားတွင် ရှိသော နိဗ္ဗာန်ကို။ ပဿံ-ပဿန္တော၊ မြင်သော ပုဂ္ဂိုလ်သည်။ အန္တံ၊ ဆင်းရဲကင်းရာ ချမ်းသာဘို့ရန် အားထုတ်ရသော အလုံးစုံသော ကိစ္စတို့၏အဆုံးသို့။ ဂဘော၊ ရောက်ရလေ၏။ ဘသ္မာ၊ ထို့ကြောင့်။ အဒ္ဒ၊ ကိလေသာ ကာမဂုဏ်အဖုံးကို။ ဝိကောပယေ၊ ဖျက်ဆီးရာ၏။

ကိုယ့်အနားရှိ့ ကိုယ်တွင်း၌ရှိသော နိဗ္ဗာန်ကိုဉာဏ်မျက်စိဖြင့် မြင်အောင် ကြည့်ရှုရာ၏၊ ဖလူပစာရ နိဗ္ဗာန်။

မဂ္ဂင်ရှစ်ချက် တပြိုင်နက်

၁။ သမ္မာဒိဋ္ဌိ- ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်တွေ ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ရုပ်နာမ် နှစ်ပါးဖြစ်၏။ တနည်း ဥပါဒါနက္ခန္ဓာငါးပါး ဖြစ်သည်။ ဤကဲ့သို့ ဖြစ်တိုင်း ဖြစ်တိုင်း အမြဲတမ်း တည်ရှိနေသော စိတ်မျိုးမဟုတ်သဖြင့် ဖြစ်ပြီးတာနှင့် တပြိုင်နက် ချုပ်ပျောက် သွားသောကြောင့် (အနိစ္စဓမ္မ)ဟု သမ္မာဒိဋ္ဌိဉာဏ်က သိမြင်၏။ ဖြစ်ပေါ်ပြီးနောက် ချုပ်ဆုံး သွားသဖြင့် (ဒုက္ခဓမ္မ)ဟုလည်း သိမြင်၏။ အကြောင်း တရားတွေမပြည့်စုံပါက ဖြစ်ပေါ်ချင်သော်လည်း မဖြစ်ပေါ်ရ၊ အကြောင်းတရားတွေ ပြည့်စုံခိုက်၌ ဖြစ်ပေါ်ရသော်လည်း တည်မြဲအောင် မနေရ၊ မချုပ်ဆုံးဘဲ မနေရသောကြောင့် (အနတ္တဓမ္မ)ဟုလည်း သိမြင်၏။ ထိုဖြစ်ပေါ်လာသော စိတ်သည် ကံသုံးပါးအနက် တပါးပါးဖြင့် ပြုလုပ်စီမံသဖြင့် ဖြစ်ပေါ်

လာရသောကြောင့် ထိုစိတ်ကို သင်္ခတဓမ္မဟူ၍လည်း သိမြင်၏။

ထိုအခိုက်၌ ထိုစိတ်မျိုး မဖြစ်ပေါ်မီက ဖြစ်စေ, ဖြစ်ပေါ်ပြီး၍ ချုပ်ဆုံး သွားသောအခါ ဖြစ်စေ၊ ဘာစိတ်မျှ မဖြစ်ပေါ်ဘဲ နေလျှင် အခါခပ်သိမ်း တည်တံ့ခိုင်မြဲလျက် အေးငြိမ်းနေသော သဘောအမှန် ရှိကြောင်းကိုလည်း သမ္မာဒိဋ္ဌိဉာဏ်က သိမြင်၏။ ထိုသဘောသည် အမြဲတမ်း ရှိနေသောကြောင့် (နိစ္စ) ဖြစ်၏။ ချုပ် ဆုံး ပျက်စီး သွားသော သဘော မဟုတ်သောကြောင့် (သုခ) အမှန်ဖြစ်၏။ နဂို ပကတိ တည်မြဲလျက် မဘောက်မပြန် အမှန်ရှိသောကြောင့်(ပရမတ္ထ)ဖြစ်၏။မည်သည့် အကြောင်းတရားမျှ ပြုပြင်မှု မရှိဘဲ တည်မြဲနေသော သဘောဖြစ်သောကြောင့် (အသင်္ခတဓမ္မ)ဟူ၍လည်း သမ္မာဒိဋ္ဌိဉာဏ်က သိမြင်၏။ ဒုက္ခ နိရောဓကို အပြဲမျက်မှောက်ပြုနေ၏။

မဂ္ဂသစ္စာသည် ဘာဝေတဗ္ဗ ပွားများ အားထုတ်အပ်သော တရားဖြစ်လေရာ ဒုက္ခနှင့် ဒုက္ခသမုဒယ ဟူသော စိတ်အသစ်အသစ်ဖြစ်ပေါ်ခြင်းမှ ကင်းနေသော ဒုက္ခနိရောဓ ဟူသော နိဗ္ဗာန်ကို သမ္မာဒိဋ္ဌိဉာဏ်က သစ္ဆိကာတဗ္ဗမျက်မှောက်ပြုနေသော အကျင့်ကို ပွားများနေခြင်းဖြစ်၏။

၂။ သမ္မာသင်္ကပ္ပ- ဤကဲ့သို့ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အကျင့်ကို ကျင့်ကြံ နှလုံးသွင်းနေသောအခါ၌ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက် ဟူသော မိစ္ဆာသင်္ကပ္ပများ အလိုလိုပယ်ပြီး ဖြစ်နေ၏။ အဘိဇ္ဈာ,ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဟူသော မနောကံများ အလိုလိုကင်းလွတ်နေ၏။

၃။ သမ္မာဝါစာ– မိစ္ဆာသက်ပ္ပ ဟူသော မနောကံမဖြစ်တော့သဖြင့် ဝစီကံလေးပါးလည်း အလိုလို လုံခြုံနေတော့၏။

၄။ သမ္မာကမ္မန္တ– မနောကံ၊ ဝစီကံများ လုံခြုံနေသဖြင့် ကာယကံသုံးပါးလည်း အလိုလိုလုံခြုံနေတော့၏။

၅။ သမ္မာအာဇီဝ– ကာယကံ၊ ဝစီကံ၊ မနောကံများ လုံခြုံနေသဖြင့် မိစ္ဆာဇီဝလည်း မဖြစ်တော့သဖြင့် အာဇီဝဋ္ဌမက သီလနှင့် ပြည့်စုံနေတော့၏။ စိတ်ဖြူစင်နေ၏။

၆။ သမ္မာဝါယာမ–(သခ်တမ္မေ)နှင့်(အသင်တခမ္မ)၊တနည်း (ဒုက္ခ)နှင့် (ဒုက္ခနိရောဓ)ကိုသာ နှလုံးသွင်းနေသော လုံ့လဝီရိယလည်း အလိုလို ပါဝင်ပြီးဖြစ်တော့၏။

၇။ သမ္မာသတိ–ထိုအခိုက် ဒုက္ခနိရောခ၌ တည်မြဲနေသော သတိသည်သာလျှင် အမြဲဖြစ်နေတော့၏။ နိုးကြားသောစိတ် ဖြစ်နေ၏။

၈။ သမ္မာသမာဓိ–ထိုအခိုက် ဒုက္ခနိရောဓ တည်းဟူသော နိဗ္ဗာန်ကို အာရုံပြုတတ်သော ဒုက္ခနိရောဓဂါမိနီပဋိပဒါအကျင့်၌ စိတ်တည်မြဲနေတော့၏။ မိမိအဇ္ဈတ္တသန္တာန်၌ နိဗ္ဗာန်အမြဲကိန်းဝပ်နေတော့၏။

## ပညာခေါင်းဆောင် အလင်းရောင်

ထိုမဂ္ဂင်ရှစ်ပါးတွင် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေးဦးစွာဟောတော်မူရခြင်းမှာ သတ္တဝါတို့သည် သံသရာဝဋ္ဋဆင်းရဲ၌ အမြဲမပြတ် ကျင်လည်ကြရကုန်၏၊ဤကဲ့သို့ ကျင်လည်ကြရခြင်းသည် စင်စစ်ဟုတ်မှန်သောတရား၊ ဟုတ်မှန်သော ကျင့်လမ်းကို မသိတတ်သော အဝိဇ္ဇာကြောင့် ဖြစ်၏။

ထို့ကြောင့် မောဟ တည်းဟူသော အဝိဇ္ဇာကို ဝဋ်၏ ဦးခေါင်းသဘွယ်ဖြစ်သောကြောင့် "အဝိဇ္ဇာမုဒ္ဓါတိ ဇာနာဟိ" ဟူ၍ ဝုဋ္ဌနိဒ္ဒေသပါဠိတော်၌ ဟောတော်မူ၏။

ထိုနောက် အဝိဇ္ဇာတည်းဟူသော ဦးခေါင်းကို ပြတ်ကျစေတတ်သောတရားသည် ဝိဇ္ဇာတရားမင်းတည်းဟူ၍ သိစေလိုတော်မူသဖြင့် "ဝိဇ္ဇာမုဒ္ဓါဓိပါတိနီ" ဟူ၍ ဟောတော်မူပြန်၏၊

ဝိဇ္ဇာတရား ဟုသည်မှာလည်း ကာမသုခလ္လိကာ နုယောဂ တည်းဟူသော သဿတဒိဋ္ဌိ အယူနှင့် အတ္တ ကိလမထာနုယောဂ တည်းဟူသော ဥစ္ဆေဒဒိဋ္ဌိအယူ အယုတ်တရားနှစ်ပါး အစွန်းနှစ်ခုမှ ကင်းလွတ်၍ မှန်သောလမ်းကြောင်း ဖြစ်သော ဒုက္ခ နိရောဓ ကို မျက်မှောက်ပြုနေခြင်း အကျင့်ဖြစ်၏။ ထိုအကျင့်ကို ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ သမ္မာဒိဋ္ဌိအမူးပြုသော အကျင့်ဟူ၍ ဓမ္မစကြာသုတ်၌ ဟောတော်မူခြင်းဖြစ်၏။

ထို့ကြောင့် သမ္မာဒိဋ္ဌိဦးစီးသော အကျင့်မဟုတ်ဘဲ မိစ္ဆာ ဒိဋ္ဌိဦးစီးသော မိစ္ဆာဒိဋ္ဌိမဂ္ဂင်မျိုး ဖြစ်ကြသည့် ၂၄-ပါးသော ကံတရားအကျင့်မျိုးကို အထူးသတိထား၍ ရှောင်ရှားအပ်လှ ပေ၏။ သို့ရာတွင် ဥပမ်လေးပါး ကုန်စေခြင်း အကျိုးငှာ သပ္ပုရိသဒါန, သီလ, ဘာဝနာများကို ပြုလုပ်ရမည်ဟု မဟာ နိဒ္ဒေသပါဠိတော်၌ ဟောတော်မူ၏။

ပညာ ပရိဓောတံ သီလံ၊ ယတ္ထ ပညာ တတ္ထ သီလံ၊
ပညာဝတော သီလံ။

သုတ်သီလက္ခန်ပါဠိတော်။

ပညာ၊ ဝိပဿနာပညာ မဂ်ပညာသည်။ သီလံ၊ သီလကို။ ပရိဓောတံ၊ ဆေးကြော သုတ်သင်အပ်၏။(ဝါ)ဖြူစင်စေ၏။

ယတ္ထ-ယသ္မိံ ပုဂ္ဂလေ၊ အကြင် ပုဂ္ဂိုလ်၌။ ပညာ၊ ဝိပဿနာပညာ, မဂ်ပညာသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ-တသ္မိံ ပုဂ္ဂလေ၊ ထိုဝိပဿနာပညာ, မဂ်ပညာရှိသော ပုဂ္ဂိုလ်၌။ သီလံ၊ ကိုယ် နှုတ် နှလုံး သုံးပါး စင်ကြယ်သောသီလသည်။ အတ္ထိ၊ ရှိ၏။

ပညဝတော၊ ဝိပဿနာပညာ, မဂ်ပညာရှိသောသူအား။ သီလံ၊ ကိုယ်နှုတ်နှလုံး သုံးပါး စင်ကြယ်သော သီလသည်။ အတ္ထိ၊ ရှိ၏။

ထို့ကြောင့်(သင်္ခတဂါမိမဂ္ဂေါ)တည်းဟူသော သင်္ခတလမ်းရုပ်နာမ် ဖြစ်ပျက်စခန်းမှ (အသင်္ခတဂါမိမဂ္ဂေါ)တည်းဟူသော အသင်္ခတလမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်သော ဝိပဿနာပညာ, မဂ်ပညာကို အလျင်အမြန် ရရှိကြအောင် ကြံဆောင်နိုင်ကြပါစေကုန်သတည်း။

ဗုဒ္ဓဝါဒ

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ မာလုကျပုတ္တသည် မြတ်စွာဘုရားအား သတ္တဝါများသေလျှင် နောင်ဘဝဘဝဖန်ဖြစ်ပြန်ပါသလား၊ ရဟန္တာများ ပရိနိဗ္ဗာန် ဝံပြီးနောက် တဖန်ဖြစ်ကြပါသေးသလား၊ မဖြစ်ကြတော့ဘူးလား" စသည်ဖြင့် လျှောက်ထား မေးမြန်းရာ မြတ်စွာဘုရားက "မာလုကျပုတ္တ-ငါဟောကြားသော တရားသည် သစ္စာလေးပါးသာလျှင် ဖြစ်သည်။ သစ္စာလေးပါးမှတပါး ငါမဟော၊ ငါဟောသော တရားကို ဟောသည့်အတိုင်း မှတ်ထား၊ မဟောသည့်တရားကိုလည်း မဟောသည့်အတိုင်း မှတ်ထားလေ"ဟူ၍ မိန့်ဆိုတော်မူ၏။ ထို့ပြင် ဝေသာလီပြည်၌ အနုရာဓထေရ်ကိုလည်း ဤနည်းအတိုင်းပင် မိန့်ဆိုတော်မူ၏

ထို့ကြောင့် အရှင်သာရိပုတ္တရာ အလောင်း ဥပတိဿသည် အရှင်အဿဇိမထေရ်နှင့် တွေ့ဆုံတော်မူ၍အရှင့်ဆရာ၏ဝါဒသည် မည်ကဲ့သို့ ဖြစ်ပါသနည်းဟု မေးမြန်းသောအခါ အရှင် အဿဇိ မထေရ်က-

ယေဓမ္မာ ဟေတုပ္ပဘဝါ၊
တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ နိရောဓော၊
ဧဝံဝါဒီ မဟာသမဏော။

ဟူ၍ သစ္စာလေးပါးကိုပင် ဟောကြားတော်မူ၏။

(၁) ယေဓမ္မာ၊ အကြင် ကောင်းကောင်း ဆိုးဆိုး စိတ် အမျိုးမျိုး ဖြစ်ပေါ်ခြင်း တည်းဟူသော ဥပါဒါနက္ခန္ဓာ- ဒုက္ခသစ္စာတို့သည်။

(၂) ဟေတုပ္ပဘဝါ၊ မသိမှု၊ ငြိမှု၊ စွဲလမ်းမှု၊ ပြုပြင်မှု၊ ကောင်းကောင်း ဆိုးဆိုး တွေးတော ကြံစည်မှု၊ တည်းဟူသော အကြောင်းရင်း သမုဒယ သစ္စာ ကြောင့် ဖြစ်ကုန်၏။

(၃) တေသံ၊ ထို ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုး ဖြစ်ပေါ်သောစိတ်တို့၏ ချုပ်ရာ၊ ငြိမ်းရာ ချုပ်ငြိမ်းရာကို သိမြင်သော မဂ္ဂသစ္စာ မဇ္ဈိမပဋိပဒါ အကျင့်ကိုလည်း။ တထာဂတော၊ ငါတို့ဆရာ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။

(၄) တေသဉ္စ၊ ထိုဒုက္ခသစ္စာ၊ သမုဒယသစ္စာ နှစ်ပါးတို့၏လည်း။ နိရောဓော၊ ချုပ်ငြိမ်းရာမှန် ပြည်နိဗ္ဗာန်တည်းဟူ

သော နိရောခ သစ္စာကို။ အာဟ၊ ဟောတော်မူ၏။ မဟာသမ္မဉောာ၊ ရဟန်းမြတ်စွာ တို့ဆရာသည်။ ဝေံ ဝါဒိ၊ ဤကဲ့သို့ အယူဝါဒရှိတော်မူ၏။

ထို့ပြင်လည်း အကြင် ရဟန်းရှင်လူ မည်သူမဆို နိဗ္ဗာန်ကို မျက်မှောက်ပြုနေသော မဂ္ဂင်အကျင့်ကို ကျင့်ကြံ ပွားများနေသည် ဖြစ်အံ့၊ ထိုအကျင့်နှင့် ပြည့်စုံသော ရဟန်းရှင်လူသည် ငါဘုရားကို ပူဇော်သက္ကာရ ကောင်းစွာပြုသည်မည်၏ဟူ၍-

ယောခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဟောတိ၊ သော တထာဂတံ သက္ကရောတိ ဂရုံကရောတိ မာနေတိ ပူဇေတိ ပရမာယ ပူဇာယ။

အာနန္ဒ၊ ညီတော် အာနန္ဒာ။ ယော ဘိက္ခု ဝါ၊ အကြင်ရဟန်းသည်၎င်း။ ယာ ဘိက္ခုနီ ဝါ၊ အကြင်ရဟန်း မိန်းမသည်၎င်း။ ယော ဥပါသကော ဝါ၊ အကြင် ဥပါသကာသည်၎င်း။ ယာ ဥပါသိကာ ဝါ၊ အကြင် ဥပါသိကာသည်၎င်း။ ဓမ္မာနု ဓမ္မပ္ပဋိပန္နော၊ လောက ဟူသော ကောသ ကောသး သိုးဘို စိတ်အမျိုးမျိုးတို့ ဖြစ်ပေါ်ခြင်းမှ လွန်မြောက်၍ လောကုတ္တရာ တရားနှင့်လျော်သော မဂ္ဂင်အကျင့်ကို ပွားများ ကျင့်ကြံသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုမဂ္ဂင်အကျင့်နှင့် ပြည့်စုံသော ရဟန်းရှင်လူသည်။ တထာဂတံ၊ ငါဘုရားကို။ သက္ကရောတိ၊ ကောင်းစွာ အရိုအသေ ပြုသည်မည်၏၊ ဂရုံကရောတိ၊ အလေးအမြတ် ပြုသည် မည်၏။ မာနေတိ၊ မြတ်နိုးသည်မည်၏။ ပရမာယ၊ အလွန်မြတ်လှစွာသော။ ပူဇာယ၊ ရှိခိုးပူဇော်ခြင်းဖြင့်။ တထာ

ဂတဿ၊ ငါဘုရားအား။ ပူဇေတိနာမ၊ ရှိခိုးပူဇော် ဖူးမျှော်ကန်တော့ရသည်မည်၏။

ထို့ကြောင့် ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသောစိတ်တို့ အသစ်အသစ် မဖြစ်ပေါ်ဘဲ အလိုလို ချုပ်ငြိမ်းရာကို အာရုံပြုနေသော အကျင့်သည်သာလျှင် မြတ်စွာဘုရား၏ အလိုတော်ကျ ဗုဒ္ဓဝါဒနှင့် ကိုက်ညီသော အကျင့်ဖြစ်သည် အားလျော်စွာ ထိုအကျင့်ကို ကျင့်နိုင်အောင် ရှေးဦးစွာ ဝိပဿနာ ဉာဏ်ဖြင့် ဒုက္ခသစ္စာကို ပိုင်နိုင်အောင် နှလုံးသွင်းရာ၏။

ပုထုဇဉ်တို့၌ စိတ်တခု အသစ် အသစ် ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း ရုပ်နာမ် နှစ်ပါး, ခန္ဓာ ငါးပါး, အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါးစသော ဥပါဒါန်,,၂,,ဘင် မရှိသည့် ဥပါဒါနက္ခန္ဓာ ငါးပါးဖြစ်နေ၏။ ထို ဥပါဒါနက္ခန္ဓာ ငါးပါးကို ဥပါဒ်, ဌီ, ဘင်ရှိသော အနုပါဒါနက္ခန္ဓာ ငါးပါး ဖြစ်သည်ဟု "ဝိညာဏံ အတ္တတော သမနုပဿတိ" ဟူ၍ အယူမှားနေသဖြင့် အတ္တဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ ဖြစ်ရ၏။ ခန္ဓာနှစ်ပါးကို တပါးတည်း, တမျိုးတည်းဟု ယူဆထားပေ၏။

ကောင်း,မကောင်း စသော စိတ်အသစ်အသစ် ဖြစ်ပေါ်စေသော တရားသည် သင်္ခတ တရားသာ ဖြစ်၍ အသင်္ခတ တရား မဟုတ်၊ လောကီ တရားသာ ဖြစ်၍ လောကုတ္တရာ တရား မဟုတ်ကြောင်းကို ကောင်း ကောင်း ကြီး မှတ်သားရာ၏။

စိတ်အသစ်အသစ် မဖြစ်ပေါ်အောင် ဆိုပြီး ဘမင်ငြိမ်နေအောင် လုပ်ထားသောစိတ်လည်း လောကုတ္တရာစိတ် မဟုတ်၊

နိရောဓ သမာပတ်ဝင်စားနေသော စိတ်သည်ပင်လျှင် လောကီစိတ်လည်းမဟုတ်၊ လောကုတ္တရာစိတ်လည်း မဟုတ်ကြောင်းကိုလည်း စဉ်းစားကြပါကုန်။

မကောင်းတဲ့ အဆင်းကို မြင်လို့ စိတ်မချမ်းသာတာကို ဒုက္ခလို့ သိကြ၏။ ကောင်းတဲ့ အဆင်းကို မြင်လို့ နှစ်သက်တာကို ဒုက္ခလို့ သိခဲ၏။

မကောင်းတဲ့အသံကို ကြားရလို့ စိတ်မချမ်းသာတာကို ဒုက္ခလို့ သိကြ၏။ ကောင်းတဲ့အသံကိုကြားရလို့ ကြိုက်တာကို ဒုက္ခလို့ သိခဲ၏။

မကောင်းတဲ့ အနံ့ကို နံရလို့ စိတ်မချမ်းသာတာကို ဒုက္ခလို့ သိကြ၏။ ကောင်းတဲ့အနံ့ကိုနံလို့ မွှေးလို့ စိတ်ချမ်းသာ တာကို ဒုက္ခလို့ သိခဲ၏။

မကြိုက်တဲ့ အရသာကို စားရ, သောက်ရလို့ စိတ်မချမ်းသာတာကို ဒုက္ခလို့သိကြ၏။ ကြိုက်တဲ့အရသာကို စားရ, သောက်ရလို့ သဘောကျတာကို ဒုက္ခလို့သိခဲ၏။

မကြိုက်တဲ့ အတွေ့ကို တွေ့ရလို့ မနှစ်သက်စိတ် ဖြစ်တာကို ဒုက္ခလို့ထင်ကြ၏။ သဘောကျတဲ့အတွေ့ကို တွေ့ရ, ထိရ, ကိုင်ရလို့ ကျေနပ်တဲ့စိတ်ကို ဒုက္ခလို့ မြင်ခဲလှ၏။

သဘောမကျတဲ့ စိတ်ကူး အာရုံတွေကို တွေ့လို့ ဖြစ်ပေါ်လာတဲ့စိတ်ကို စိတ်ညစ် စရာတွေ ဒုက္ခလို့ ပြောကြ၏။ သဘောကျတဲ့ စိတ်ကူးအာရုံတွေကိုတွေးလို့ ဖြစ်ပေါ်လာတဲ့ စိတ်ကူးယဉ်စိတ်တွေကို ဒုက္ခလို့မသိ, မမြင်, မထင်နိုင်ရှာကြချေ။

ဤကဲ့သို့ ချမ်းသာတာ, မချမ်းသာတာ, ကောင်းတာ, မကောင်းတာ, ကြိုက်တာ, မကြိုက်တာ, စုံမက်တာ, မစုံမက်တာ,

နှစ်သက်တာ, မနှစ်သက်တာ, ကြည်ညိုတာ, မကြည်ညိုတာ, ဘာဘာညာညာ, မာယာသာဂေယျ အမျိုးမျိုးနဲ့ အသစ်အသစ် ဖြစ်ပေါ်လာတဲ့ စိတ်တွေ ခဖြစ်ပေါ်ခြင်းက နာ့ဂုံမူလ သူ့ဘာသာ သူ့သဘာဝ အတိုင်း အေးမြ ကြည်လင် ဖြူစင် တောက်ပနေတဲ့ နိဗ္ဗာန်စိတ်ကို သုခအစစ်လို့ သိမြင် လိုက်ကြစမ်းပါ။ အဲဒီလို ပင်ကိုက ရှင်း,ပင်ကိုက လင်းနေတဲ့ သဘောကိုသိမြင်အောင် သတိသားနေတဲ့ အကျင့်ကိုဘဲ တရားအားထုတ်တယ်လို့ ခေါ်တယ်မှတ်။

## ပကတိစိတ်

ပကတိစိတ် ဆိုသည်မှာ လောဘ, ဒေါသ, မောဟ-စသော အာရုံနှင့် ညှိသည်တို့နှင့် ဘူသော ကိလေသာစိတ်တို့ မဖြစ်မီ ပဋိသန္ဓေ ဝိညာဏ်စိတ် ဖြစ်ပေါ် ပြီးနောက် ခရေး မနှောင်း တပြိုင်နက်ဘိုသလို ဖြစ်ပေါ်သော နာ့ဂုံမူလစိတ် ဖြစ်၏။ တင်ပြားစေဦးအံ့။

ကံ,ကမ္မနိမိတ်,ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ တိဟိတ်ဖြင့်သော (သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်) ပဋိသန္ဓေ ဝိညာဏ်သည်ဖြင့်ပေါ်ခဲ့သည် ဖြင့်အံ့။ ထိုပဋိသန္ဓေ ဝိညာဏ်ကိုမှီတွယ်၍၎င်း၊ပဋိသန္ဓေဝိညာဏ်၏အာရုံကို အာရုံပြု၍ တွေ့တတ်သော သဘောဖဿ၊ ၎င်းအာရုံကို ခံစားတတ်သော သောမနဿဝေဒနာ၊ ၎င်းအာရုံကို မှတ်သော သဘောသညာ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်တတ်သော သဘောစေတနာ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို မပျံ့လွင့် တည်စေတတ်သောသဘော ဧကဂ္ဂတာ၊ ၎င်းအာရုံ၌ သမ္ပယုတ် တရား

တို့ကို စောင့်ရှောက်တတ် အစိုးရသည်၏အဖြစ်ကို ပြုတတ်သော
သဘော ဇီဝိတိန္ဒြေ၊ ၎င်းအာရုံ၌ သမ္ပယုတ် တရားတို့ကို စိုင်းနှင်
တတ် ရှေ့ရှုဖြစ်စေတတ်သော သဘော မနသိကာရ၊ ၎င်းအာရုံသို့
သမ္ပယုတ်တရားတို့ကို ရောက်အောင် တင်တတ်သော သဘော
ဝိတက္က၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို တရစ်ခဲခဲ သုံးသပ်စေ
တတ်သောသဘော ဝိစာရ၊ ၎င်းအာရုံကို ဆုံးဖြတ် တတ်သော
သဘော အဓိမောက္ခ၊ ၎င်းအာရုံ၌ သမ္ပယုတ်တရားတို့ကို ဖြင်စေ
ရန် အားထုတ်တတ်သော သဘော ဝီရိယ၊ ၎င်းအာရုံကို နှစ်သက်
တတ်သော သဘော ပီတိ၊ ၎င်းအာရုံ၌ ပြုလုပ် လိုကာ မတ္တ
ဖြစ်သော သဘော ဆန္ဒ၊ ၎င်းအာရုံ၌ သမ္ပယုတ် တရားတို့ကို
ကြည်လင်စေတတ်သော သဘော သဒ္ဓါ၊ ၎င်း အာရုံကို အောက်
မေ့တတ်သော သဘော သတိ၊ ၎င်းအာရုံကို အာရုံပြု၍ ဒုစရိုက်
တို့ကို စက်ဆုပ်တတ်သော သဘော ဟိရီ၊ ၎င်းအာရုံကို အာရုံ
ပြု၍ မကောင်းသော ဒုစရိုက်တို့ကြောင့် ကြောက်လန့် တတ်
သော သဘော ဩတ္တပ္ပ၊ ၎င်းအာရုံ၌ မမက်မော တတ်သော
သဘောအလောဘ၊ ၎င်းအာရုံ၌ မပြစ်မှား တတ်သောသဘော
အဒေါသ၊ ၎င်းအာရုံ၌ သမ္ပယုတ် တရားတို့ကို ပြောင့်မတ်စွာ
အလယ် အလတ် အဖြစ်ဖြင့် ကျရောက် စေသည်၏ အဖြစ်
သဘော တတြမဇ္ဈတ္တတာ၊ ၎င်းအာရုံ၌ စေတသိက်အပေါင်း၏
ကိလေသာ အပူအလောင်မှ ငြိမ်းခြင်း သဘော ကာယပဿဒ္ဓိ၊
၎င်းအာရုံ၌စိတ်၏ကိလေသာအပူအလောင်မှ ငြိမ်းခြင်းသဘော
စိတ္တပဿဒ္ဓိ၊ ၎င်းအာရုံ၌ စေတသိက် အပေါင်း၏ပေါ့ပါးသည်၏
အဖြစ်သဘော ကာယလဟုတာ၊ ၎င်းအာရုံ၌ စိတ်၏ ပေါ့ပါး
သည်၏အဖြစ်သဘော စိတ္တလဟုတာ၊ ၎င်းအာရုံ၌ စေတသိက်

အပေါင်း၏ နူးညံ့သည်၏ အဖြစ် သဘော ကာယမုဒုတာ၊ ၎င်းအာရုံ၌ စိတ်၏ နူးညံ့သည်၏ အဖြစ်သဘော စိတ္တမုဒုတာ၊ ၎င်းအာရုံ၌ စေတသိက် အပေါင်း၏ အမှု၌ ခန့်သည်၏ အဖြစ်သဘော ကာယကမ္မညတာ၊ ၎င်းအာရုံ၌ စိတ်၏အမှု၌ ခန့်သည်၏ အဖြစ် သဘော စိတ္တကမ္မညတာ၊ ၎င်းအာရုံ၌ စေတသိက် အပေါင်း၏ ကိလေသာဖြင့် မနာမကျင်သည်၏ အဖြစ် သဘော ကာယပါဂုညတာ၊ ၎င်းအာရုံ၌ စိတ်၏ ကိလေသာဖြင့် မနာမကျင်သည်၏ အဖြစ်သဘော စိတ္တပါဂုညတာ၊ ၎င်းအာရုံ၌ စိတ်၏ ကိလေသာဖြင့် မနာ မကျင်သည်၏ အဖြစ်သဘော စိတ္တပါဂုညတာ၊ ၎င်းအာရုံ၌ စေတသိက် အပေါင်း၏ ဖြောင့်မတ်သည်၏ အဖြစ်သဘော ကာယုဇုကတာ၊ ၎င်းအာရုံ၌စိတ်၏ ဖြောင့်မတ်သည်၏ အဖြစ်သဘော စိတ္တုဇုကတာ၊ ၎င်းအာရုံကို အာရုံပြု၍ ဟုတ်မှန်သော သဘောကိုသိတတ်သော သမ္ပယုတ်တရားတို့ကို အစိုးရသည်၏ အဖြစ်ကိုပြုတတ်သော သဘော ပညိန္ဒြေ စေတသိက်တည်းဟူသော ၃၃-ပါးသော စေတသိက်တို့သည် ဖြစ်ပေါ်ကြကုန်၏။ အကယ်၍ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် တိဟိတ် ပဋိသန္ဓေ ဖြစ်အံ့၊ ပီတိစေတသိက်ကို နုတ်၍ ကျန် ၃၂-ပါးသော စေတသိက်တို့သည် တပြိုင်နက် ဖြစ်ပေါ်ကြကုန်၏။

ဤသည်ကား တိဟိတ်ပုဂ္ဂိုလ်၏ ပကတိစိတ်ပင်ဖြစ်၏၊ ပကတိစိတ်မှာ လောဘ,ဒေါသ,မောဟစသော အကုသိုလ်စေတသိက် ၁၄-ပါးနှင့် ယှဉ်သောစိတ်ကို ဆိုလို၏။

အကယ်၍ (သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ်) ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်အံ့-ပညိန္ဒြေ စေတသိက်ကို နုတ်၍ ၃၂-ပါးသော

စေတသိက်တို့နှင့် ယှဉ်၍ဖြစ်၏။ (ဥပေက္ခာ သဟဂုတ် ဉာဏ ဝိပ္ပယုတ်) ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်အံ့ – ပီတိစေတသိက်နှင့် ပညိန္ဒြေ စေတသိက်နှစ်ပါးကို နုတ်၍ ကျန်သော စေတသိက် ၃၂-ပါး တို့သည် ပဋိသန္ဓေဝိညာဏ်၏ အာရုံကို အာရုံပြု၍ တပြိုင်နက် တချက်တည်း ဖြစ်ကြကုန်၏။

ထိုစိတ်ကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ "ပကတိ ပရိသုဒ္ဓ မိဒံ စိတ္တံ ပဘဿရံ" ဟူ၍ ဟောတော်မူသည့်အပြင် ကော်တ္တရ ပါဠိ တော်၌လည်း–

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စခေါ အာဂန္တုကေဟိ၊
ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံစိတ္တံ၊ ဤပကတိ စိတ်ဝိညာဏ်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက် တွန်းလင်း တောက်ပ ကြည်လင်သော သဘောတည်း။ တဉ္စခေါ၊ ထိုပြိုးပြိုးပြက် တွန်းလင်းတောက်ပ သော စိတ်သည်လည်း။ အာဂန္တုကေဟိ၊ ဧည့်သည် အာဂန္တု ဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ၊ ညစ်နွမ်းစေတတ်သောတရား တို့ကြောင့်။ ဥပက္ကိလိဋ္ဌံ၊ မွေးမှိန်ညင်နွမ်း ဖောက်ပြန်၍ ပကတိ စိတ်အဖြစ်သို့ ရောက်ရလေ၏။

ထို့ကြောင့် အရှင်သာရိပုတ္တရာမကောရ်သည် အနာဂတ်၏ သူဌေးကြီးအား–

စိတ်ကို စိတ်အတိုင်းထား၊ ကောင်းမကောင်းတို့ကဲ့
အကုသိုလ်စိတ်တွေ မဖြစ်အောင် ကျင့်ဆောင်ရမည်။

ဟူ၍ ဥပရိပဏ္ဏာသပါဠိတော်၌ ဟောတော်မူ၏။

နှ မနောဝိညာဏံ ဥပါဒိယိဿာမိ၊ နစ မေ မနော ဝိညာဏ နိုဿိတံ၊ ဝိညာဏံ ဘဝိဿတီတိ၊ ဧဝံဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။

(ဥပရိပဏ္ဏာသပါဠိတော် ၃၀၃)

ဂဟပတိ၊ အနာထပိဏ်သူဌေးကြီး၊ မနောဝိညာဏံ၊ ပကတိ အတိုင်းရှိနေသော စိတ်သည်။ နဥပါဒိယိဿာမိ၊ ကောင်း ကောင်းဆိုးဆိုး စိတ်အမျိုးမျိုးကို မဖြစ်စေလင့်။ မေ၊ ငါ့အား၊ မနောဝိညာဏ နိဿိတံ၊ ပကတိစိတ်ကို စွဲမှီရမှ ဖြစ်နိုင်သော။ ဝိညာဏံ၊ ဥပါဒါနက္ခန္ဓာတည်း ဟူသော ကောင်းမကောင်း ဆိုတဲ့စိတ်သည်။ နစဘဝိဿတိ၊ ဖြစ်လည်းမဖြစ်ရလတ္တံ့။ ဧတိ ဧဝံ၊ ဤသို့လျှင်၊ တေ၊ သင်သည်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

## ဆရာဝပ်ကိုရှာ

သို့ရာတွင် နဂိုမူလ သူ့ဘာသာ သူ့သဘာဝ အတိုင်း အေးမြကြည်လင် ငြိမ်းချမ်းစွာ တောက်ပနေသော ပကတိ စိတ်ကို သိမြင်ပါမှသာလျှင် စိတ်ကို စိတ်အတိုင်းတိုင်း ထားနိုင်မည် ဖြစ်၏။

စိတ်ကို စိတ်အတိုင်းတိုင်း ထားနိုင်ရန်အတွက် ဥဒယဗ္ဗယ ဉာဏ် ၅၀ ကို ရေရေလည်လည် ဟောနိုင်သော ဆရာစစ်၊ ဆရာမှန်ကို ရှာကြံကြရာ၏။

လောကဝ္ဓ အနာရောဂါ တခုခု ကပ်ရောက်သောအခါ မိမိ ကြည်ညိုရင်းဆရာ၊ ကုနေကျဆရာနှင့်မှ အနာရောဂါ မပျောက် လျှင် ဆရာကိုခွဲ၍ မိမိအသက်ကို အသေမခံဘဲ ဆရာလဲ၍

ရောဂါပျောက်အောင် ကုသရဘိသကဲ့သို့ ထို့အတူ တမဂ် တဖိုလ်ကို လိုချင်၍ တရားလိုက်,တရားရှာ,တရားနာကြပါသော်လည်း အနိစ္စ,ဒုက္ခ,အနတ္တနှင့် အနိစ္စဓမ္မ,ဒုက္ခဓမ္မ, အနတ္တဓမ္မ မကွဲလျှင် မဂ်ဖိုလ်နှင့် ဝေးကြရမည်သာဖြစ်၍ အရာပြောင်းလဲကြရာ၏။

အိပ်မောကျအောင် အိပ်ပျော်နေသောအခါ အေးချမ်းနေဘိသကဲ့သို့ ငြိမ်းနေပါလျက် ပကတိ ပင်ကိုအားဖြင့် အေးမြကြည်လင် ငြိမ်နေတဲ့စိတ်ကို သိမြင်ခြင်းအားဖြင့် နိဗ္ဗာန်ကို အလိုလို ကောက်ရဘိသကဲ့သို့ ဖြစ်အောင် ဟောကြားပြသနိုင်သော အရာကောင်းကို ရှာကြံကြပါကုန်။

ဝိညာဏံ ဘိက္ခဝေ အဇာနတာ အပဿတာ ယထာဘူတံ ဝိညာဏေ ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝိညာဏံ၊ ပကတိစိတ်ကို။ ယထာဘူတံ၊ နဂိုမူလ သူ့သဘာဝအတိုင်း။ အဇာနတာ၊ မသိ၍ မရှာမှီးတတ်သည်ရှိသော်၊ အပဿတာ၊ မမြင်ဘူး၍ မရှာမှီးတတ်သည်ရှိသော်။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဝိညာဏေ၊ ပကတိစိတ်၌။ ဉာဏာယ၊ ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် တွေ့မြင်ခြင်းငှာ။ သတ္ထာ၊ ဆရာစင်သရာမှန်ကို။ ပရိယေသိတဗ္ဗော၊ ရှေးဦးစွာ ရှာကြံဆည်းကပ်ရာ၏။ (ဝါ) အသပ်သပ် ဆရာနခမ်းမသတ်ဘဲ ရှာဖွေအပ်၏။

## သစ္စာလေးပါး

သစ္စာလေးပါးကို မသိမမြင်သေးဘဲလျက် တရားဘဲ အားထုတ်, အားထုတ်, ဘာကိုဘဲလုပ်လုပ်, လုပ်သမျှတော့ ဒုက္ခဖြစ်ဘို့ချည်းသာ မှတ်ပါလေ။ အကြောင်းမူကား အဝိဇ္ဇာ ဦးစီးနေသဖြင့် သစ္စာလေးပါးကို မသိသောကြောင့်တည်း။

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ အနနုဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသရိတံ မမဉ္စေဝ တုမှာကဉ္စ။

သုတ်မဟာဝါ ပါဠိတော်။

ဘိက္ခဝေ၊ ရဟန်းတို့။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယာနွယ်ဝင် သူတော်စင်တို့ သိမြင်အပ်သောအမှန်တရားတို့ကို။ ယထာဘူတံ၊ နဂိုမူလ သူ့သဘာဝအတိုင်း ဟုတ်တိုင်းမှန်စွာ။ အဒဿနာ၊ ဝိပဿနာဉာဏ်ဖြင့် မသိမမြင်ခြင်းကြောင့်။ အနနုဗောဓာ၊ မဂ်ဉာဏ်ဖြင့် ပိုင်းခြားဝေဘန်၍ပိုင်နိုင်စွာမသိခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ ဖိုလ်ဉာဏ်ဖြင့် ထိုးထွင်း၍ မသိခြင်းကြောင့်။ ဧဝံ၊ ဤသို့။ ဣဒံ ဒီဃမဒ္ဓါနံ၊ ဤမျှလောက် အရှည်ရှည်သမျှ ကာလပတ်လုံး။ မမဉ္စေဝ၊ ငါဘုရားသည်၎င်း။ တုမှာကဉ္စ၊ သင်ချစ်သား, သင်ချစ်သမီးတို့သည်၎င်း။ သန္ဓာဝိတံ၊ ဤဘဝမှသည် ထိုဘဝသို့ ဆုံးမရှိ ဥစ္ဆေဒဒိဋ္ဌိဖြင့် ပြေးသွားကြရလှလေပြီ။ (ဝါ) ဝိဘဝတဏှာဘည်းဟူသော ကြောက်စိတ်, မုန်းစိတ်, အမျိုးမျိုးတို့ တမျိုးပြီးတမျိုး ဖြစ်ပေါ်၍နေကြရလှလေပြီ၊ သံသရိတံ၊ နောက်သို့တွန့်ကာ, တွန့်ကာ သဿတဒိဋ္ဌိ

အဖြစ်ဖြင့် တပြောင်းပြန် ပြန်ကျင်လည် ကြရလှလေပြီ။ (ဝါ) ကာမတဏှာ, ဘဝတဏှာ တည်းဟူသော ချစ်စိတ်,နှစ်သက်စိတ် အမျိုးမျိုးတို့ ထပ်ကာထပ်ကာ ဖြစ်ပေါ်၍ နေကြရလှပေပြီ။

မေ့စကြာသုတ်၌လည်း သစ္စာလေးပါးကိုမသိမီ ဘုရားဖြစ်ပြီဟု ဝန်မခံနိုင်သေးကြောင်း။ သစ္စာလေးပါးကို သစ္စဉာဏ်, ကိစ္စဉာဏ်,ကတဉာဏ်၊ (ဝါ) ဝိပဿနာဉာဏ်,မဂ်ဉာဏ်,ဖိုလ်ဉာဏ် စသော မဂ်လေးတန်ဖိုလ်လေးတန်တို့ဖြင့် ပိုင်နိုင်စွာ သိမြင်ပြီးမှ သာလျှင် လူနတ်ဗြဟ္မာတို့အား ငါ-ဘုရားဖြစ်ပြီဟု ဝန်ခံတော်မူကြောင်းမှာ ထင်ရှားလှပါ၏။

မေ့စကြာသုတ် အဆုံး၌ အရှင်ကောဏ္ဍည သောတာပန် တည်ခြင်းမှာလည်း သစ္စာလေးပါးကို နာကြားရ၍ "အလုံးစုံသော သင်္ခတတရားသည်၊ တနည်း-ကောင်းမကောင်း စသော စိတ်အမျိုးမျိုးသည် အကြောင်းနှင့်တကွ မြင်သိစိတ်အမျိုးမျိုး ဖြစ်ခြင်းသည် ချုပ်ပျောက်ခြင်းသဘောဖြစ်၏ ဟူသော ဉာဏ် အမြင် ပေါ်ပေါက်လာခြင်း အားဖြင့် သောတာပန် တည်လေသည်။

ယံ ကိဉ္စိ သမုဒယ ဓမ္မံ၊
သဗ္ဗံ တံ နိရောဓဓမ္မ န္တိ။

ယံကိဉ္စိ၊ အလုံးစုံသော သင်္ခတတရား တည်းဟူသော စိတ် အမျိုးမျိုး ဖြစ်ပေါ်ခြင်းသည်။ သမုဒယဓမ္မံ၊ အကြောင်းမကင်း ဖြစ်ခြင်းသဘောရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ မေကျူ ဥဒပါဒိ၊ ဉာဏ် မျက်စိ ဖြစ်ပေါ်လာ၏။ (သောတာပန်တည်၏ ဟူလို)

ထို့ကြောင့် သမုဒယ- နိရောဓဓမ္မ, ပဋိစ္စ သမုပ္ပါဒ- ပဋိသမုပ္ပန္န, ဇာတ- ဘူတ- ကတ- သင်္ခတဖြစ်သောသဟေတုက သပစ္စယ တရားတည်းဟူသော ဒုက္ခသစ္စာကို "သမုဒယောနတ္ထိ" ဟူ၍၎င်း၊ အဇာတ- အဘူတ- အသင်္ခတဖြစ်သော အဟေတုက အပစ္စယ, တရားတည်းဟူသော နိရောဓသစ္စာကို "နိရောဓော အတ္ထိ"ဟူ၍၎င်း နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၌ အရှင်ကစ္စည်း မထေရ်အား ဟောကြားတော်မူ၏။

ဒွယနိဿိတော ခွါယံ ကစ္စာန လောကော ယေဘုယျေန
အတ္ထိတဉ္စေဝ နတ္ထိတဉ္စ။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်။

ကစ္စာန၊ ကစ္စည်းမထေရ်။ ယေဘုယျေန၊ များသောအားဖြင့်။ ခေါ၊ စင်စစ်။ အယံလောကော၊ ဥပါဒါနက္ခန္ဓာ ဟူသော ဤလောကကြီးသည်။ အတ္ထိတဉ္စေဝ၊ ရှိသော နိရောဓကို၎င်း။ နတ္ထိတဉ္စ၊ မရှိသော သမုဒယကို၎င်း။ ဒွယနိဿိတော၊ နှစ်ပါးလုံးကို မသိခြင်းနှင့် အမြဲမှီနေ၏။

ဤကဲ့သို့ "သမုဒယောနတ္ထိ" ဟူသော မရှိတရားကို မရှိမထားကြဘဲ "နိရောဓော အတ္ထိ" ဟူသော အရှိတရားကိုလည်း အသိများရအောင် သတိထားပြီး (ဝိ)သုဒ္ဓ အစစ် ဖြစ်နိုင်တော်မူကြပါစေကုန်သတည်း။

နေမျိုးရာဇာ-ဦးမောင်ကြီး

သူရဿဝတီလမ်း၊ ပိဋကတ်ရပ်ကွက်၊ ကမ္ဘာအေးစာတိုက်၊ ရန်ကုန်မြို့၊
၁၃၂၄-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁-ရက်။

"ဗုဒ္ဓသာသနာ သမာဂမ" ဟူသော ဗုဒ္ဓဘာသာ သာသနာပြု အဖွဲ့များသည် ဘာသန္တရ ဗဟုသုတနှင့် ပြည့်စုံကြသည် အားလျော်စွာ ဤ "ဝပ္ပမကြာအာသိ" ကို တိုက်ရိုက်သော်၎င်း၊ သဘောပေါက် အနေဖြင့် သော်၎င်း၊ အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုရေးသား ကြ၍ ကမ္ဘာကို သာသနာပြုတော် မူနိုင်ကြပါစေကြောင်း သတည်း။

ပေါင်ကြီး

# သာသနမုခ စာအုပ်တိုက်

သူရဿတီလမ်း၊ ပိဋကတ်ရပ်ကွက်၊ ကမ္ဘာ့အေးစာတိုက်၊
ရန်ကုန်မြို့။

---

## ရ နိုင် ေ သာ စာ အုပ် များ

ကျောက်သဘော် ဆရာတော်ဘုရားကြီး၏

မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်တရားစာ .... ၁-ကျပ်။

---

ကျောက်ပုံတော့ရ ပါမောက္ခ ဦးစံရင်း-ရေး

ကမ္မဋ္ဌာန်းဝိပဿနာကျမ်း (နေယျသင်တန်း).... ၃-ကျပ်။
သင်္ဂါယနာကဗျာစာ (ဝိပဿနာသံခိပ်).... ၅၀-ပြား။

ဖိုးဝန်းတောင် ဆရာကြီး ဦးညွန့်-ရေး

ပညာနေတ္တိဝိပဿနာကျမ်းရင်းကြီး .... ၁၂-[illegible]

---

နေပျိုးရာဇာ ဦးမောင်ကြီး-ရေး

သာသနမုခ ဒီပနီ (ဝိပဿနာအဆီ) .... ၅-[illegible]
စံပြဝိပဿနာ (ယောဂီလက်စွဲ) .... ၄-[illegible]
ဗုဒ္ဓ ဓမ္မ ဒီပနီ (ဝိပဿနာမှတ်ကျောက်).... ၁-ကျပ် ၅၀-ပြား။
ဝိတော ဝါဒ ဆုံးမစာ ပ-ဒု .... ၁-ကျပ်စီ။
ရင်း (တတိယတွဲ) .... ၁-ကျပ် ၅၀-ပြား။
ဓမ္မစကြာအဆီ (ဓမ္မစကြာအဖွဲ့လက်စွဲ) .... ၁-ကျပ် ၅၀-ပြား။

---

ဇာနဿာသယ စာပုံနှိပ်တိုက် ၁၀၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။